


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်ချိန်ခွင်

တရားထိုင်သူများအတွက်

ဟောကြားသည့်နေ့
၉-၇-၆၂

၂၇၃

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်ချိန်ခွင်

(တရားထိုင်သူများအတွက်)

ဟောကြားသည့်နေ့
(၉-၇-၆၂)

စာမူခွင့်ပြုချက်အမှတ် -
အဖုံးခွင့်ပြုချက်အမှတ် -

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
## အမှာစာ

ဤတရားတော်သည် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ရန်ကုန်မြို့သို့ကြွရောက်စဉ် (၉-၇-၆၂) နေ့တွင် ရန်ကုန်မြို့ရှိ ဦးမာတင်တိုက်၌ လူနည်းစု ဒကာရင်းများအား ဟောကြားတော်မူခဲ့သော တရားတော်ဖြစ်ပါသည်။

အလွန်ထူးခြားသော တရားတော်ဖြစ်ပါသည်။ မိုးကုတ်ဝိပဿနာတရားတော်ကို အတော်အတန်အားထုတ်ပြီးသူများအတွက် ကိုယ့်အခြေအနေ စိစစ်နိုင်ရန် သောတာပန်၏ ထူးခြားချက် (၇)ချက်ကို **ဉာဏ်ချိန်ခွင်**အဖြစ် ဟောကြားတော်မူထားပါသည်။

ထို့အတူ အားထုတ်စ ပုဂ္ဂိုလ်များအတွက် နိဗ္ဗာန်ရောက်ကြောင်း သစ္စာတရားတော်များကို မြတ်စွာဘုရား ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားတော်မူခဲ့သည့် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တရားတော်များကို ဟောတော်မူထားပါသည်။

ပို၍ထူးခြားသည်မှာ ဒကာရင်း ဦးမာတင်အတွက် ဤအချိန်သည် ဆရာတော်ဘုရား၏ဘဝနောက်ဆုံးအချိန် ဖြစ်သည့်အလျှောက် ယုံကြည်စိတ်ချစွာတရားအားထုတ်နိုင်ရန် မှာတော်မူထားပါသည်။

အလုံးစုံတစ်ခဏချင်းနဲ့ (နိဗ္ဗာန်) ပေါက်ချင်ပါတယ်ဆိုရင် ဒီလိုဆရာမျိုးကိုရှာမှရမယ်။

ဂုဏ်ပုဒ်တွေထုတ်ပြောနေတယ်လို့မယူနဲ့၊ အရင်းကျကျအစစ်ကိုပြောနေတယ်၊ အမှန်ကိုဆုံးဖြတ်ချက်ချပေးနေတယ်လို့ယူပါ။

ဘုန်းကြီးတို့က ကိုယ်ကိုယ်တိုင်လည်း ထိုက်တန်တဲ့အလုပ်တွေလုပ်ထားလို့၊ (မဂ္ဂင်)လမ်းကလည်း မလွဲဘူးဆိုတာ သိလို့၊ (နိဗ္ဗာန်ကို) ဒီလမ်းကပဲသွားဖို့ရာဖြင့်၊ လမ်းခင်းပေးခဲ့ပါမယ်၊ လမ်းခင်းပေးခဲ့ပါမယ်၊

ဟု ဟောကြားတော်မူထားပါသည်။

ဤတရားတော်တိတ်ခွေများ၊ စာအုပ်များ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၌ မရှိပါ၊ နှစ်ပေါင်း (၄၀)ကျော်ကြာမှ ဟင်္သာတမြို့၊ ဦးမာတင် တိုက်၌ရှိကြောင်းသိရသဖြင့် ဦးမာတင်၏သား မိတ်ဆွေကြီး ဦးဝင်းထံ ပန်ကြားပြီး၊

ဟာသ်ာတ တက္ကသိုလ် ပါမောက္ခချုပ်ဆရာဦးစိုးမြင့်နှင့် ဆရာမကြီး ပါမောက္ခဒေါ်တင်မေရီတို့က စေတနာ၊ သဒ္ဓါတရားထက် သန်စွာဖြင့် အဖွဲ့ချုပ်သို့ သယ်ယူပို့ဆောင်ပေး၍သာ၊ ဤတရားတော်နှင့်အတူရှားပါးသော တရားတော်တိတ်ခွေကြီးများ ရရှိခြင်းဖြစ်ပါသည်။

ထူးခြားသောတရားတော်အသစ်များကို စာအုပ်အဖြစ် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်စုံကြပါစေ-

၂၇-၇-၂၀၀၄။

ဆရာဦးစောလှိုင်
အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားတော်မူသောတရားတော်

# ဉာဏ်ချိန်ခွင်

## (တရားထိုင်သူများအတွက်)

ဟောကြားသည့်နေ့ (၉-၇-၆၂)

အလုပ်လုပ်ပြီးသား ပုဂ္ဂိုလ်ကိုဟောတဲ့တရားလို့ မှတ်ကြရမယ်။

အလုပ်လုပ်ပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်မှာ၊ ကိုယ်ကိုယ်တိုင် စစ်ဆေးဖို့၊ စစ်ဆေးလို့ညီခဲ့သော် ငါအပါယ်လေးပါးတံခါး ပိတ်ပြီ၊ သောတာပန်တည်ပြီလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချဖို့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကောသမ္ဗီပြည် သံဃာတွေအချင်းများတာနဲ့ ဒီအချင်းများတဲ့ သံဃာတွေဟာ ကွာ . . .၊ သောတာပန်နဲ့မတူဘူးကွဆိုပြီး သောတာပန်မှာ ဒီစိတ် ဒီစိတ်ရှိတယ်။

ပုထုဇဉ်မှာ ဒီစိတ် ဒီစိတ်ရှိတယ်ဆိုပြီးသကာလ ဆုံးဖြတ်ချက်ချပေးတဲ့ တရားလို့မှတ်ရမယ်။

## သောတာပန်နှင့် ပုထုဇဉ် ထူးခြားတဲ့တရား

သောတာပန်နဲ့ ပုထုဇဉ် ထူးခြားတဲ့တရားလို့ မှတ်ရမယ်၊ သောတာပန်နဲ့ ပုထုဇဉ် ဘယ်လိုထူးခြားပါလိမ့်မလဲလို့ ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကပြောတယ်။

သောတာပန်ကတော့ကွာတဲ့ သူမပယ်သေးတဲ့ လောဘ၊ ကျန်နေသေးတဲ့ လောဘလည်းလာတာပါပဲ၊ ဒေါသလည်း လာတာပဲ၊ ထိနမိဒ္ဓလည်း လာတာပဲ၊ ကိုယ့်စိတ်ကိုယ် မနိုင်တဲ့ ထိနမိဒ္ဓတွေလာတာပါပဲကွ။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စလည်း လာသေးတာပဲကွ။

## သောတာပန်၏ထူးခြားမှု (၁)

မခံချင်တဲ့စိတ်တွေလည်း လာသေးတာပဲကွ၊ လာပင်လာငြားသော်လည်း ပုထုဇဉ်လို အဆီးအတားမရှိ၊ မဖြစ်ပါဘူးကွာတဲ့။

ဩော် . . . နောက်ကငါမပယ်သေးလို့ လာပြီလို့ ချက်ချင်းသိတယ်၊ သောတာပန်ကတော့၊ ကိလေသာလာတိုင်း လာတိုင်း နောက်က ချက်ချင်းသိတယ်၊ မလာတော့ မရှိပါဘူး၊ နောက်ကချက်ချင်းသိတာပိုတယ်။

## ပုထုဇဉ်ကတော့

ပုထုဇဉ်ကတော့ လာလိုက်တယ်ဆိုကတည်းက ဘယ်တော့မှ သတိမရဘဲနဲ့ လွန်ကျူးဖြစ်သွားတာ၊ ဦးမာတင် ရှိတော့တယ်၊ သိတဲ့သဘောလာသေးရဲ့လား . . . (မလာပါဘူး)။

အဲဒီတော့ ပုထုဇဉ်နဲ့ သောတာပန်သည် ဒကာဒကာမတို့ လာလာချင်းနောက်က ဉာဏ်အုပ်နိုင်တာက သောတာပန်၊ ဉာဏ်မအုပ်နိုင်ဘဲနဲ့ တန်းထွက်ပြီးသကာလ ဒီစိတ်မျိုးချည့် မကြေမခြမ်းဆက်ပြီး လာနေတာက ပုထုဇဉ်။

## ချက်ချင်းသိတာက သောတာပန်

ချက်ချင်းသိတာက ဘာဆိုကြမယ် . . . (သောတာပန်)၊ တာရှည်သွားနေတာက၊ ဘယ့်နှယ်ဆိုကြမလဲ . . . (ပုထုဇဉ်ပါဘုရား)။

အဲဒီလိုထူးခြားပါတယ်ကွာ၊ မင်းတို့ကိုယ် မင်းတို့ အကဲခတ်ပါ၊ ဒီတရားသည်ကားလို့ဆိုရင်ဖြင့်၊ မပယ်သေးတဲ့ ကိလေသာဟာ လာတော့လာသေးတာပါပဲ။ လာပင်လာငြား သော်လည်း ရပ်တန့်နိုင်တဲ့စွမ်းရည်သတ္တိ ရှိတယ်ကွ၊ သောတာပန်က။

ပုထုဇဉ်ကတော့ ရပ်တန့်နိုင်တဲ့စွမ်းရည် သတ္တိမရှိဘူး ကွ၊ ဒီလိုခြားနားပါတယ်။

လောကကြီး ဘယ်သူက လုပ်ပါလိမ့်မလဲ. . . ဆိုတဲ့ လောကစိန္တာကိုလည်း သောတာပန်ကြဲတော့ကြဲတာပဲ၊ ဟာ . . . ဒါငါမှားပြီဆိုပြီးသကာလ ပြန်ပြီးရပ်သိမ်းနိုင်တဲ့ စွမ်းရည် သတ္တိရှိတယ်တဲ့။

အခု အနောက်နိုင်ငံသားတွေက လောကကြီးကြဲ နေတာ၊ သားစဉ်မြေးဆက်ကြဲတာကိုး . . . (မှန်ပါ့ဘုရား)။ အင်မတန်ကွာခြားပါတယ်ကွာ ဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်။

ဒါ (၁) နံပါတ် ပုထုဇဉ်နဲ့ သောတာပန် ထူးခြားမှု လို့ မှတ်လိုက်စမ်းပါ။

## သောတာပန်၏ ထူးခြားမှု (၂)

ဒုတိယ ထူးခြားမှုကိုဟောမယ် (၂)နံပါတ်၊ ဒုတိယ (၂)နံပါတ်က သူ့မှာမပယ်သေးတဲ့ ကိလေသာတွေ ရှိပါတယ်၊ သောတာပန်မှာ လာပါတယ်တဲ့၊ အခုနအတိုင်းပဲ အစဉ် အတိုင်း၊ သူပေါ်ချင်သလို အာရုံဒွါရတိုက်ပြီး သူပေါ်ချင်သလို ပေါ်တာပါပဲ။

ပေါ်ပင်ပေါ်ခြားသော်လည်း ဒီကိလေသာဟာ မဂ်နဲ့ မပယ်သေးလို့ လာတာအမှန်ပါပဲ၊ သို့သော် ငါဒီနေ့လွန်ကျူးတဲ့သဘောတော့ မရောက်ဘူး၊ လာတော့လာတာပဲ။

ကဲ. . . မင်း ဒဏ်ပေးမယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ပေးတဲ့သဘောနဲ့ ဦးမာတင်ရေ ငြိမ်းအောင်လုပ်တယ်။

## ငြိမ်းအေးအောင်လုပ်နိုင်တာ သောတာပန်

ငြိမ်းအောင် ဝိပဿနာထိုင်ပြုပြီး နိဗ္ဗာန်အာရုံပြုပြီး နေနိုင်လောက်အောင် လုပ်ပစ်လိုက်တယ်၊ အဲဒါဟာလည်း ပုထုဇဉ်နဲ့ သောတာပန်ထူးခြားတဲ့အဖြစ် တစ်ခုပါပဲ . . . (မှန်ပါ့)၊ ငြိမ်းအောင်လုပ်ပစ်လိုက်တယ်။

နာတာရှည်မဖြစ်ဘူးပေါ့ဗျာ၊ နာတာတိုဖြစ်နေတယ်၊ ဦးမာတင်တို့ ပြောလိုက်ရင် နာတာရှည်ကြီးနဲ့ မကြေသေးဘူးကွာ၊ ငါ့နှိမ်ထားတာပဲ၊ ဒီဘဝမဟုတ်ဘူးဟေ့၊ ဟိုဘဝမကြေဘူးတောင် လာချင်သေးတာ၊ အမလေး ကြောက်စရာကြီးပါလား။

အဲ. . . သောတာပန် ပုဂ္ဂိုလ်မှာတော့ ဒီဟာမျိုးမရှိပါဘူးတဲ့၊ ငါ ဒီကနေ့ ဒီအပြစ်လွန်ကျူးမိတယ်၊ ဒီစိတ်မပေါ်သင့်တဲ့စိတ်ပေါ်တယ်၊ ငါမဂ်နဲ့ မပယ်နိုင်သေးလို့ ပေါ်တဲ့စိတ်ပဲလို့လည်းသိတယ်။

ကဲ. . . မင်းဖြင့်ဒဏ်ပေးရမှာပဲဆိုပြီး ငြိမ်းချမ်းတဲ့နေရာကို တစ်ခါတည်း အာရုံပြုနိုင်အောင် ထိုင်ပြီးအလုပ်လုပ်လိုက်လို့ ချက်ချင်းငြိမ်းသွားတယ်၊ နောက်ထပ်အငွေ့အသက် မကျန်အောင် လုပ်နိုင်တဲ့စွမ်းရည် သတ္တိရှိတယ်။

ဒါ (၂)နံပါတ် ပုထုဇဉ်နဲ့ သောတာပန်ထူး၏။ ဒီပြင်အရိယာကိုမပြောဘူး။ ဒီနေရာမှာ ပုထုဇဉ်နဲ့ သောတာပန်တင် ထူးတာကိုပြောတယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

## သောတာပန်၏ထူးခြားမှု (၃)

တတိယ (၃) နံပါတ်က သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်ချတာတစ်ခုရှိတယ်၊ ဩော် . . . ဒီဘုရား သာသနာတော်မှ တစ်ပါး၊ သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြတဲ့ ဥစ္စာ၊ တစ်ပါးသော ဘာသာ၊ တစ်ပါးသော သာသနာမှာဖြင့် လုံးဝမရှိဘူးလို့ ဆုံးဖြတ်ချက်ချထားနိုင်တာဟာလည်း (၃) နံပါတ် သောတာပန်တို့၏ ဆုံးဖြတ်ချက်ပါပဲ။

## ဘုရားသာသနာမှာသာ ထွက်ရပ်လမ်းရှိတယ်

ဒီဘုရားသာသနာမှတစ်ပါး တစ်ပါးသော သာသနာမှာထွက်ရပ်လမ်းမရှိဘူး၊ နိဗ္ဗာန်သို့ ထွက်သွားတဲ့လမ်းမရှိဘူး၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မဖြစ်နိုင်ဘူး၊ ထွက်ရပ်

လမ်းမရှိဘူးလို့ ဆုံးဖြတ်ချက်ချပြီး နေနိုင်တာလည်း၊ ပုထုဇဉ်တို့မှ ထူးသော၊ သောတာပန်တို့၏ ဆုံးဖြတ်ချက် တစ်ခုလို့ မှတ်လိုက်စမ်းပါ၊(၃) ချက်ရသွားပြီ။

## သောတာပန်၏ ထူးခြားမှု (၄)

(၄) ချက်က ဘာပါလိမ့်မတုံးဆိုတော့၊ ဥပမာ၊ သိက္ခာပုဒ်တစ်ခုကို ငါးပါးသီလက သောတာပန်မှာ လုံပြီထားပါတော့ ရှစ်ပါးသီလက သူပျက်ချင်ပျက်နေတယ်။

## အပြစ်ကို ချက်ချင်းကုသတာ သောတာပန်

သူက ရှစ်ပါးသီလ မလုံသေးဘဲကို၊ ဆယ်ပါးသီလ မလုံသေးဘူး၊ ငါးပါးတော့လုံတယ်၊ အဲဒီရှစ်ပါးထဲက တစ်ပါးပါးဖောက်တယ်၊ ဆယ်ပါးထဲက တစ်ပါးပါး ဖောက်လာလို့ရှိရင်ဖြင့် ယနေ့ဖြင့် ဖောက်သွားပြီ၊ မပယ်နိုင်သေးလို့ ဒီဟာတွေပေါ်တာပဲ၊ ပေါ်လို့ဖောက်တာပဲ၊ ချက်ချင်း ဘုရားရှေ့သွားပြီးသကာလ သီလဆောက်တည်လိုက်တယ်။

ချက်ချင်း ကုသပစ်လိုက်တယ်၊ ချက်ချင်းဝေဒနာရ၍ ချက်ချင်းကုသတယ်၊ ဘယ်လောက်ဝေးတဲ့ နေရာဖြစ်ဖြစ်သွားကုသမယ်၊ ဒီလိုကုသချင်တဲ့စိတ် ပေါ်တာလည်း အားလုံး ဒကာ ဒကာမတွေမှတ်ပါတဲ့၊ ပုထုဇဉ်မှာတော့ဖြင့်

မရှိပါဘူး၊ သောတာပန်မှာမှ ရှိပါတယ်လို့ ဆုံးဖြတ်ချက်ချ ကြစမ်းပါ . . . (မှန်ပါ)။

သဘောပါပြီလား . . . (ပါ,ပါပြီ)၊ ဒါနံပါတ် ဘယ်လောက်ပါလိမ့် . . . (၄-နံပါတ်ပါ)၊ (၄)ရောက်သွားပြီ ဆိုတာမှတ်ပါနော်။

## သောတာပန်၏ ထူးခြားမှု (၅)

သို့သော်လည်းကွာတဲ့၊ မင်းတို့နားလည်အောင် လောကီ ဥပမာဖြင့် ပြဦးမယ်ကွာတဲ့၊ လေးဘက်သွားကလေး လေး မီးခဲကို ပတ္တမြားမှတ်လို့ သွားကိုင်တဲ့အခါ လက်ကလေး ကလည်းနူး၊ အသားကလေးကလည်း နူး၊ အသွေးကလေးက လည်း နူးနေတော့၊ မသိလို့ကိုင်လိုက်ပြားသော်လည်း ချက်ချင်း ပြန်ဆုတ်သလို၊ ကလေးချက်ချင်း ပြန်ပြီး၊ မီးကလေးကို ကိုင်မိတာ ပြန်ဆုတ်သလို၊ သူတို့မှာ ချက်ချင်းပြန်ပြီး နောက်ဆုတ်လေ့ရှိတယ်၊ တိုးမသွားဘူး။

အဲဒီလို နောက်ဆုတ်လေ့ရှိတာဟာလည်း ပုထုဇဉ်တို့ မှ ထူးခြားသော၊ သောတာပန်တို့၏ ဖြစ်စဉ် စိတ်နေစိတ်ထား၊ သဘောသွားလို့မှတ်ပါ . . . (မှန်ပါ့)၊ မထူးခြားဘူးလား . . . (ထူးခြားပါတယ်ဘုရား)၊ ထူးခြားတယ်၊ ဘယ်နံပါတ် ရသွားပြီလဲဟေ့ . . . (၅-နံပါတ်ပါဘုရား)။

## သောတာပန်၏ ထူးခြားမှု (၆)

(၆)နံပါတ်ကို ပြောမယ်တဲ့၊ (၆)နံပါတ်ဟာ အများကြီး ဆက်ဆံတယ်လို့ မှတ်ကြစမ်းပါ၊ (၆)နံပါတ်က ဘယ်လိုများ အများကြီး ဆက်ဆံပါသလဲလို့ မေးခွန်းထုတ်လို့ရှိရင်၊ ဉပမာ - ဒကာကြီး ဦးမာတင်ရှိတယ်၊ သူဟာသီတမှာ အတော်ပဲ သက်သေအဖြစ်နဲ့ လိုက်ရမယ်ဆို၊ ခိုင်လုံတဲ့လူ တစ်ဦးတစ်ယောက်လို့ မှတ်ကြရမယ်။

အဲဒါသူ့မိတ်ဆွေရောင်းရင်းများကဖြစ်စေ၊ ဒီပြင်တစ်ပါးသောပုဂ္ဂိုလ်၊ သူရဲ့နဲနဲလေး လုပ်အားများကြတဲ့ ပုဂ္ဂိုလ်ကဖြစ်စေ၊ ဆရာကြီး ကျွန်တော်တို့ဖြင့် ကူညီပါဦးခင်ဗျားမှ သက်သေခံအဖြစ်နဲ့ မလိုက်လို့ရှိရင် ကျွန်တော်ဟာ မှန်လျက်နဲ့ ရှုံးရမလိုလိုဖြစ်ပြီး သကာလနေပါတယ်။

တစ်နည်းအားဖြင့် သူတို့က ဆင်ထားတဲ့ အမှုဖြစ်ငြားသော်လည်း အားကိုးအားထားအဖြစ်နဲ့ လာခေါ်တယ်၊ ခေါ်တဲ့အခါကျလို့ရှိရင် ဩော် . . . ဒါမိတ်ဆွေသင်္ဂဟပဲ၊ ကောင်းသောအလုပ်ပဲ ကောင်းတာပြောရမှာပဲဆိုပြီးသကာလ လိုက်တော့ လိုက်သွားတယ်၊ ရုံးပြင်ကနားကို။

ရုံးပြင်ကနား လိုက်သွားငြားသော်လည်း ကိုယ်က နည်းနည်းလေး လီဆယ်ပြီး ပြောရမည့်ကိစ္စ၊ အမှုသွားကြည့်လိုက်တဲ့အခါကျတော့ ပါလာတယ်။

## ကိုယ့်သီလ၊ သမာဓိ၊ ပညာ အပျက်မခံတာ သောတာပန်

အဲဒီလို လီဆယ်ပြီး ပြောရမည့် အချိန်ကျတော့ ကိုယ့်သီလပြန်ကြည့်တယ်၊ ကိုယ့်သမာဓိပြန်ကြည့်တယ်၊ ကိုယ့်ပညာပြန်ကြည့်ပြီးသကာလ မပြောတော့ဘူး။

မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်နောက်ကိုတော့၊ ကူညီမှုတော့ လိုက်ပါတယ်၊ လိုက်ပင်လိုက်ငြားသော်လည်း သီလ၊ သမာဓိ၊ ပညာ ပျက်မှုကျတော့ နောက်ဆုတ်ပစ်တယ်၊ ဒီကျတော့ မလိုက်တော့ဘူး၊ သဘောကျကြပြီလား . . . (ကျပါပြီဘုရား)။

သမဂ္ဂသီတင်းသုံးဖော်အဖြစ်နဲ့တော့ ကူညီမှုလိုက်ပါတယ်၊ လိုက်ပင်လိုက်ငြားသော်လည်း မဟုတ်တာပြောလို့ မဟုတ်တာဆိုရတော့မယ်၊ နည်းနည်းလီဆယ်ရတော့မယ် ဆိုလို့ရှိရင်ဖြင့် သီလပျက်မှု၊ သမာဓိပျက်မှု၊ ပညာပျက်မှုကို ချက်ချင်းသတိရပြီး ပြန်ကြည့်လိုက်တယ်၊ နောက်ဆုတ်ပစ်လိုက်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဟာ ဒကာကြီးတို့မှာ တွေ့ရမယ်၊ မဟုတ်သေးလို့ ရှိရင်တော့ သူလိုက်မှာပဲ၊ ဟုတ်လို့ရှိရင်တော့ သီလ၊ သမာဓိ အပျက်ခံပြီးသကာလ သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဒါတော့မလုပ်နိုင်ဘူးဆိုတာ ကိုယ့်စိတ်ထဲက ဆုံးဖြတ်ချက်ချလိမ့်မယ်။

ဒီလိုဆုံးဖြတ်ချက်ချနိုင်ခြင်းသည်တဲ့၊ ပုထုဇဉ်တို့မှ ထူးခြားသော သောတာပန်တို့၏ စိတ်နေစိတ်ထား သဘော သွားတွေမှတ်ပါ။

ဒုက္ခချုပ်ပြီးသား ပုဂ္ဂိုလ်မှာ ဒါလက်ကိုင်ထားရမယ် . . . (မှန်ပါ့)။

## နွားသားအမိဥပမာ

ငါ့ဘုရားဥပမာ ပြမယ်ဟေ့. . . ဒီ (၆)နံပါတ်ကိုပဲ (၅) နံပါတ်ကိုပဲ ဥပမာပြမယ်ကွ၊ နွားမကြီးတစ်ကောင်၊ နွားကလေးပေါက်စ နွားငယ်ကလေးနဲ့ တစ်ခုသော မြက်ခင်းမှာ အစာစားနေတယ်ကွ၊ အစာသာစားနေတာ နွားငယ် ကလေးကိုလည်း မျက်ခြေမပြတ်ကြည့်လျက်ပဲကွ၊ စားလည်း စားလျက်ပဲကွ၊ နွားငယ်ကလေးလည်း မျက်ခြေမပြတ်ကြည့် လျက်ပဲကွ။

ထို့အတူပဲတဲ့ သူတစ်ပါးကိစ္စလည်း ရွက်ဆောင်လျက် ပါ၊ ကိုယ့်သီလ သမာဓိ ပညာကိုလည်း ဉာဏ်နဲ့ကြည့်လျက် ပါပဲ၊ နှစ်ဖက်အလုပ်လုပ်ပါတယ်။

သီလ၊ သမာဓိ၊ ပညာ အပျက်ခံပြီးသကာလ သူများ အကျိုးရွက်ဆောင်လိမ့်မယ်ဆိုတာတော့ မရှိပါဘူး။

**အမြတ်တော်ရှုံး ဥပမာ**

ဒါအမြတ်တော်ရှုံးကျမှ သိကြမှာနော်. . . ဒီဖြင့် နေရာမှာ ဒါလောက်မဟုတ်သေးဘူး၊ ဒီနေရာစွတ်လိုက်ရင် များသောအားဖြင့် ချော်၊ ချော်ထွက်သွားတယ်။

ဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေကျတော့ ပြောရတယ်၊ မင်းတို့ကလည်း သူဌေးတွေကွာ လောကီအလို တော့ ဒီအချက်မှာ မင်းတို့မလိုက်ပါနဲ့တော့၊ ဘယ်လောက်ပဲ ကျကျ၊ ကိုယ်စားလှယ်လွှတ်လိုက်၊ သူ့တာဝန်ပေးလိုက်၊ ကျသရွေ့ပေါ့ကွာ၊ မင်း ပေးနိုင်သရွေ့ပေး၊ မင်းသဘော ပေါ့ကွာ၊ ငါကတော့ ပါဝါကုန်လွှဲလိုက်ပြီ၊ ဒီလိုသာ လွှတ်လိုက် ပါ။

ကျွန်တော်မိုးကြိုးပစ်ရပါစေရဲ့လို့ ကြိမ်နေစရာမလို ဘူး၊ အမြတ်တော်ရှုံးသွားတာကလည်း ဒီပြင်လူသွားတာ မဟုတ်ဘူး၊ အမွဲမှ သွားတာ၊ ဘာလို့ အမွဲမှ သွားသတုံးလို့ မေးစရာရှိတဲ့အခါ အမြတ်တော်ရှုံးကျတော့ အမွဲလို့ လူတိုင်း ပြောရတာ မွဲပုံချည့်ပြောတာ၊ ချမ်းသာပုံ ပြောကြရဲ့လား၊ မပြောပါဘူး။

**ရှုံးကျတော့ အမွဲချည့်ပဲ**

ဒါဖြင့် အမြတ်တော်ရှုံးက ဘုန်းကြီးတို့ ဒကာ ဒကာ

မတွေကပြောတာ၊ တပည့်တော်တို့ ရုံးကျတော့ အမွဲချည့်ပဲ ဘုရား၊ အမွဲတွေချည့်ပဲ သူ့ရှေ့ကျမှ မွဲကြတာကိုး၊ ဒါကြောင့် တပည့်တော်တို့ရုံး၊ ကျက်သရေရှိတဲ့ရုံး မဟုတ်ပါဘူးဘုရား၊ အမွဲ အစီရင်ခံစာလာတဲ့ရုံးပါ၊ သူတို့ကပြောတာ သူတို့က လျှောက်တာ။

သူတို့ လျှောက်တာကော မှားသလား . . . (မမှား ဘူး)၊ ခင်ဗျားတို့ သွယ်ဝိုက်တာကော မှားသလား . . . (မမှားပါဘူး)၊ မမှားတော့ကိုတဲ့၊ ဒီအမြတ်တော်ရုံးက ဘုန်းကြီး ဘပည့်မင်းကြီးတွေက လျှောက်တာက အမှန်ပဲ၊ ခင်ဗျားတို့ ကလည်း အိမ်မှာတော့ ကားကြီးတစ်သိန်းတန်နဲ့ ကြွားပေ ယ်၊ ဟိုရောက်တဲ့ အခါကျတော့ မွဲတာပဲ၊ ဒါဟာ ဘယ်က ထားတာပါ၊ ဘယ်သူက ကြွေးနဲ့ သွင်းထားတာပါ၊ ကိုယ်တိုင် ယ်ထားတာ မဟုတ်ပါဘူး၊ မယုံရင်မှတ်ပုံတင်သွားကြည့်ပါ၊ ပြောချင်ပြောနေဦးမှာ။

အဲဒီလောက်ဆိုရပါတယ်တဲ့၊ အဲဒီတော့ ဒီအချက် ာက ကိုယ့်ကိစ္စရွက်ဆောင်ရ ရွက်ဆောင်ရ၊ သူတစ်ပါးကိစ္စ ွက်ဆောင်ရ ရွက်ဆောင်ရ၊ သီလ၊ သမာဓိ၊ ပညာပျက် အောင် ရွက်ဆောင်လေ့မရှိတာသည် ပုထုဇဉ်တို့မှ ခြားနား သော သောတာပန်တို့၏ စိတ်ထားသဘောသွားလို့ တ်လိုက်ပါ၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ရှင်းပါပြီနော်။

နံပါတ် ဘယ်လောက်ရပြီလဲဟေ့. . . (ခြောက် ရောက်ပါပြီ)၊ ခြောက်ရောက်ပြီတဲ့။

နောက်နံပါတ်က မြတ်စွာဘုရားဟောတော်မူတဲ့ တရားမျိုး၊ ဘုန်းကြီးတို့လို သစ္စာဟောနေတော့ ပုဂ္ဂိုလ်သတ္တဝါ မငဲ့ဘဲနဲ့ ဟောတဲ့တရားက သစ္စာတရားကိုး၊ ပုဂ္ဂိုလ်သတ္တဝါ ငဲ့ဟောတဲ့တရားက သုတ္တန်တရားကိုး။

## ပုဂ္ဂိုလ်ငဲ့ဟောတာသုတ္တန်တရား

သုတ္တန်တရားနဲ့ ဒီစပ်မိလို့ စကားလေးသွင်း လိုက်ပါတယ်၊ သုတ္တန်တရားနဲ့ နိဗ္ဗာန်ရသွားတယ်ဆိုတာက သူ့အတွက်သာရောက်တာလို့မှတ်၊ အများမရောက်ဘူး။

ဘုန်းကြီးတို့ ဟောတဲ့သစ္စာနဲ့ ပဋိစ္စသမုပ္ပါဒ်ကတော့ဖြင့် အားလုံးကိုဟောတဲ့ တရားလို့မှတ်၊ ပုဂ္ဂိုလ်အများနဲ့ ဆက်ဆံတဲ့တရားလို့မှတ်ပါ . . . (တင်ပါ့)။

ဒါဖြင့် တရားနာပေမယ့်လည်း ခင်ဗျားတို့က ဘယ်ဆရာတော်ကပဲ ဟောဟော၊ ဘယ်လူကြီးကပဲ ဟောဟော၊ ခင်ဗျားတို့က မဝေဖန်တော့ ဒီတရားလည်းပဲ ကောင်းသားပဲ ပြောတယ်၊ မဟုတ်ဘူး၊ ဒီတရားက သူ့ တစ်ယောက်အတွက်ပဲ ဟောတာ။

အဲဒါခင်ဗျားတို့က ကောင်းသားပဲဆိုတာ အပိုပဲ၊ ခင်ဗျားတို့နဲ့ မဆိုင်ဘူး၊ ပုဂ္ဂိုလ်၏ အလိုလိုက်ဟောတာ၊ ဒီတရားကောင်းသားပဲလို့ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချဖို့ မလိုဘူး။

## ခန္ဓာတွေက ဒုက္ခသစ္စာချည့်ပဲ

ခင်ဗျားတို့ဆုံးဖြတ်ချက်ချရမည့် တရားက အားလုံး ခန္ဓာတွေက ဒုက္ခသစ္စာချည့်ပဲ၊ ဒုက္ခသစ္စာကို ညာဏ်ပေါက် အောင် ဆရာကဟောလို့ရှိရင် ဒါဒုက္ခသစ္စာကလည်း အများ သိ၊ သိစရာကလည်း အများသိအောင် ပြောတဲ့တရားမျိုးမှ သာလျှင် တစ်ဦးအတွက် မဟုတ်ဘဲနဲ့ ဓမ္မဓိဋ္ဌာန်ဟောတာလို့ မှတ်လိုက်ပါ. . . (မှန်ပါ့)၊ မကွာဘူးလား တရားချင်း . . . (ကွာပါတယ်ဘုရား)။

## ညာဏ်ချိန်ခွင်မရှိရင်

အဲဒီတော့ ဘုန်းကြီးပေးထားတဲ့ ညာဏ်ချိန်ခွင်မရှိဘူး ဆိုရင်၊ ဒကာကြီး ဒကာမကြီးတို့က ဘယ်လိုလာမလဲဆိုရင် ဒီတရားလည်း ကောင်းတယ်ပေ့၊ ကောင်းသာကောင်းတယ်၊ ကိုယ့်အတွက်မဟုတ်ပါဘူး၊ သူတစ်ယောက်အတွက် ကွက်ဟောတာ၊ သူဒီလိုဟောမှ ရမယ်ဆိုပြီး ကွက်ဟောတဲ့ တရား။

ဒီလိုကွက်ဟောတဲ့တရားပေမယ့်၊ နောက်ဆုံးပိတ် သစ္စာ မချုပ်သေးလို့ရှိရင် ဒီပုဂ္ဂိုလ်သောတာပန် မတည်သေး ပါဘူး၊ ရှေ့ပိုင်းမှာတော့ဖြင့် ခြားနားပါတယ်၊ သို့သော် သစ္စာ ရောက်အောင်ဟောဖို့ ဆရာသမားက ကျန်နေတယ်၊ သူ့ကိစ္စတင် ဟောသွားတာများတယ်။

အဲဒီတရားတင် ကောင်းပါပေ့ဆိုရင်၊ ဒီလူမှာ ဉာဏ် ချိန်ခွင်မရှိဘူးလို့ မှတ်ရမယ်၊ ကိုယ့်အတွက်လား၊ သူ့အတွက် လားဆိုပြီး ချိန်ခွင်သူ့မှာ မရှိဘူး။

ဥပမာ ဈေးသည်တစ်ယောက်က (၇၅)ကျပ်သား ထည့်ပြီး၊ တစ်ပိဿာလုပ်ရောင်းတော့ ဈေးသည်အတွက်ပဲ၊ ဈေးသည်အတွက်သူရောင်းလိုက်တာ သူ့အမြတ်အစွန်းရဖို့။

ဒီကလည်း (၇၅)ကျပ်သားကို တစ်ပိဿာလို့ယူသွား လို့ရှိရင် ကိုယ့်အတွက်လည်း ပြည့်သလားအောက်မေ့တယ်၊ မပြည့်ဘူး၊ အစိတ်သားလိုနေတယ်၊ မလိုဘူးလားလိုပါတယ်၊ အဲဒါဉာဏ်ချိန်ခွင်မရှိတဲ့ ပုဂ္ဂိုလ်မှာ ဒီလိုဖြစ်တတ်ပါတယ်။

## ဘုန်းကြီးက ဉာဏ်ချိန်ခွင်ပေးထားတယ်

ဒါကြောင့် ဆရာဘုန်းကြီးကတော့ ဦးမာတင်တို့ အရင်းအခြာတွေဖြစ်တော့ အေး. . . မင်းတို့ ဉာဏ်ချိန်ခွင် ပေးထားမယ်၊ ဒါအစိတ်သားရှော့တဲ့တရားလား ဒါအစိတ်

သားလိုတာ တစ်ပိဿာထင်ပြီး ဂုဏ်ယူနေတာလားဆိုတာ ငါပေးထားမယ်ဆိုပြီးသကာလ အများနဲ့ ဆက်ဆံတဲ့အခါ ဓမ္မဓိဋ္ဌာန်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာပဲဟောတယ်။

ဒါကတော့ ပိဿာပြည့်ပေါ့ဗျာ၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ ဒါတော်တော်လိုတယ်နော် . . . (လိုပါတယ်)၊ တော်တော်လိုပါတယ်တဲ့။

## ကုသိုလ်ဆိုအကောင်းချည်းမှတ်နေတာ

မနေ့ကပြောသလိုပေါ့၊ မင်းတို့က ကုသိုလ်ဆို အကောင်းချည့်မှတ်နေတာကိုးဆိုတော့ ဒါအပေါ်က စီးသွားတယ်၊ မစီးဘူးလား . . . (စီးပါတယ်)။

ဘယ့်နှယ်ကုသိုလ်ကြောင့် ဒုက္ခရောက်နေတာကျတော့ အကောင်းဆိုလို့ရပ့ါမလား . . . (မရပါဘူးဘုရား)၊ ကုသိုလ်ကြောင့် ဒုက္ခမှ လွတ်သွားရင်တော့ . . . (အကောင်းပါဘုရား)၊ အဲဒီတော့ ကုသိုလ်တိုင်းကောင်းတာ မဟုတ်ဘူးဆိုတဲ့ ဥစ္စာကိုလည်း ဒကာ ဒကာမတို့က မှတ်ထားမှသာလျင် ဉာဏ်ချိန်ခွင်လည်းရှိဦးမှသာလျှင် ဩော် . . . ကောင်းတဲ့ကုသိုလ်ပါလား၊ ဒုက္ခသစ္စာအကျိုးမပေးဘူး၊ မကောင်းတဲ့ကုသိုလ်က ဒုက္ခသစ္စာအကျိုးပေးတယ်။

## ဒုက္ခရောက်တာကို သာခုခေါ်တာနဲ့တူ

ညဏ်ချိန်ခွင်မရှိဘဲနဲ့ နာလို့ရှိရင်ဖြင့် မကောင်းတဲ့ ကုသိုလ်သာခုခေါ်ခဲ့လို့ရှိရင်ဖြင့်တဲ့၊ ဒုက္ခရောက်တာကို သာခု ခေါ်တာနဲ့ တူပါတယ်၊ ကံကြီးပေလို့၊ မကြီးဘူးလား . . . (ကြီးပါတယ်)။

တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါကြားရပါတယ် . . . (မှန်ပါ့)၊ ခင်ဗျားတို့က ကုသိုလ်ဆိုရင် သာခုချည့်ပဲ . . . (မှန်လှပါဘုရား)၊ အဆင်းတွန်းချည့်ပဲ၊ အဆင်းတွန်းချည့်လာ တာပဲ၊ ကုသိုလ်ဆိုရင် သာခု၊ အဆင်းတွန်းလိုက်တာပဲ။

အမလေး ဟိုလူက မိုက်ရတဲ့အထဲ နောက်လူက မှောင်နေတာပဲ၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ် ဘုရား)၊ အဲဒါဟာ မဲပြောလည်း မဖြစ်လို့ မနေ့ညက ခင်ဗျား တို့လည်းကြားပါတယ် . . . (ကြားပါတယ်)၊ ပြောတယ်၊ ပြောတယ်တဲ့။

မပြောလို့ရှိရင်လဲ အခုဘုန်းကြီးနဲ့ ဆက်သွယ်ပြီး နီးစပ်နေကြတာက တကယ့်လူကြီးလူကောင်းတွေ . . . (မှန်လှပါ)၊ ရန်ကုန်မှာ ထိပ်တန်းတွေ ဒါတွေအကုန်သင်နေ ရတာ . . . (မှန်လှပါ)၊ ဒါတွေ အကုန်သင်နေရတော့၊ အခု တော့ဖြင့် ဘုန်းကြီးပြန်မှာ စိုးရိမ်၊ ဘုန်းကြီးနဲ့ ခွဲရမှာ သူတို့က ဒုက္ခရောက်နေတယ်နော်။

လိုက်ရမှာကလည်း သူတို့သံယောဇဉ်နဲ့ သူဝ ချည်ပြီး၊ တုပ်ပြီး၊ ခန္ဓာငဲ့သလိုလို ပစ္စည်းငဲ့သလိုလို အတော် ရှုပ်ကုန်တာ၊ ဒါစောင်းဟောတာမဟုတ်ပါဘူး၊ ဒီခန္ဓ ကတောင် မြို့ရောက်လည်း ဒုက္ခသစ္စာပဲ၊ ဟသ်ာတရေ တော့လည်း ဒုက္ခသစ္စာပဲ၊ ရန်ကုန်လာပြန်တော့လည် . . . (ဒုက္ခသစ္စာပါပဲ)။

ဩော် . . . သစ္စာချင်းဟာက၊ တောင်မြို့ကျလို့ရှိရင် ဒုက္ခသစ္စာက ပိုနေဦးမှာလား . . . (မပိုပါဘုရား)။

အဲဒီတော့ သစ္စာဆိုတာက ဘယ်နေရာမှ၊ ဘယ်သူ မျက်နှာမှ မထောက်ဘူး၊ ပြုတယ်၊ စုတယ်၊ ဒီလူတွေကြား ထဲမှာ ဆေးပုံတွေ အလယ်မှာလည်း သေချင်သေတာ မဟုတ်ဘူးလား၊ သူက ဒုက္ခသစ္စာကို၊ ငါဘယ်နေရာ ရွေးဦးမယ်ဆိုတာပါသေးလား . . . (မပါ ပါဘူး)။

ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ၊ ဆင်းရဲတာ အမှန်ကိုငါလုပ်မယ်ဆိုတာ နေရာမရွေးပါဘူး၊ သဘောကျ ပလား . . . (ကျပါပြီ)။

အဲဒီတော့ ဆင်းရဲတာအမှန် သဘောကျလို့ရှိရင်ဖြင့် ဆင်းရဲသိမ်းတဲ့ ဥစ္စာကို ကြိုးစားပါ၊ ဘယ်သူ့မှ မငဲ့နဲ့။

## ခန္ဓာငဲ့တာသည် ဘဝတဏှာ

ခန္ဓာငဲ့တာသည် ဘဝတဏှာလို့ခေါ်ပါတယ်၊ ခန္ဓာငဲ့တာသည် . . . (ဘဝတဏှာ)၊ ဘဝတဏှာဆိုတော့ တဏှာပစ္စယာ ဥပါဒါန်ကိုး၊ ဥပါဒါန ပစ္စယာ . . . (ကမ္မဘဝေါ)၊ ကမ္မဘဝပစ္စယာ . . . (ဇာတိ)။

ဩြော် . . . အခုသေတာ အားမရလို့ နောက်သေတာငဲ့နေပြန်တာကိုး၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်)၊ ဒါက ဘုန်းကြီးကပြောတာလား ဒကာကြီး ခန္ဓာထဲမမွေဖြစ်စဉ်က ထောက်ခံတာလား . . . (မမွေဖြစ်စဉ်က ထောက်ခံတာပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးငြင်းမနေပါနဲ့တော့ဗျာ၊ ဘုန်းကြီးငြင်းမနေပါနဲ့တော့၊ ဘုန်းကြီးငြင်းလို့ရှိရင် အလကား အကုသိုလ်ဖြစ်နေကြဦးမယ်။

## ပိုးမွေးသလိုမွေးမနေနဲ့

ကိုယ်တော်တို့က ဘာမှသိတာမဟုတ်ဘူး၊ တပည့်တော်ခန္ဓာမနည်းမွေးနေရတာ၊ လာချင်လာတာ သူကအတော်ပိုးမွေးသလို မွေးနေရတာဘုရား့၊ ပိုးမွေးသလိုမွေးနေရတာ . . . (မှန်ပါ့)၊ မွေးမနေနဲ့ ခင်ဗျားမှာ ဆံပင်ဖြူ ရပ်သလား . . . (မရပ်ပါဘုရား)၊ ပန်းနာကော ရပ်ပလား. . . (မရပ်ပါဘုရား)၊ အေး. . . မွေးတာပဲရှိတာပဲ . . . ရပ်တာမပါဘူး။

အဲဒီတော့ကို ဒကာ ဒကာမတွေ ဒီခန္ဓာသိမ်းလို့ရှိရင် ဝေဒနာသိမ်းမယ် . . . (မှန်ပါ့)၊ ခန္ဓာသိမ်းရင် . . . (ဝေဒနာသိမ်းတယ်)၊ နို့၊ ဝေဒနာသိမ်းတဲ့ အလုပ်လုပ်တာကို ငဲ့နေဦးမယ်ဆိုရင် ဘယ့်နှယ်လုပ်မယ်၊ အမှားကြီးမှားတယ်။

## ဝေဒနာရှည်ချင်တာ

ဝေဒနာသိမ်းမယ့်အလုပ်ကို၊ ဝေဒနာကြောင့် တပည့်တော်တို့ ဝေဒနာ၏ ကျွန်ခံနေဦးမယ်၊ ဝေဒနာကိုပဲ စောင့်၊ ဖေးမပြီးနေဦးမယ်ဆိုလို့ရှိရင်ဖြင့် အင်း. . . အဲဒီလူဟာ ဝေဒနာသိမ်းချင်တာမဟုတ်ဘူး၊ ဝေဒနာရှည်ချင်တာကိုး အမှန်ပြောတော့ ဒါပဲပြောရတယ်၊ အမှန်ပြောတော့ . . . (ဒါပဲပြောရမယ်)၊ ဒီပြင်ပြောစရာရှိသေးလား . . . (မရှိပါဘုရား)။

အဲတော့ ဒကာကြီး တိုးပြီးဆိုးဝါးမနေနဲ့လို့ ပြောလိုက်တယ်၊ မပြောသင့်ဘူးလား . . . (ပြောသင့်ပါတယ်)၊ တိုးပြီးဆိုးဝါးနေတဲ့ လူကရှိသေးတယ်။

## သောတာပန်၏ ထူးခြားမှု (၇)

ကဲ နံပါတ် (၇)ကို ပြောပါတော့မယ်နော်၊ သောတာပန်စိတ်ထားက အခုလို သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားကို

နာရတော့မယ်လို့ ဆိုလို့ရှိရင် နားထဲမှာ သဘောကျပြီး စိတ်ဟာ ဘယ်မှ မသွားဘူး။

တရားနာရင်း ဘယ်ညှော်သည်လာလို့၊ ရှေ့တိုးထိုင်ပါ ဗျာလို့ မလာဘူး၊ ကိုယ်က ကျဉ်းတယ်၊ ကြပ်တယ်လို့လည်း စိတ်မပေါ်ဘူး၊ မြတ်စွာဘုရားဟောတော်မူတဲ့ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား နာနေရတော့မယ်လို့ ဆိုလို့ရှိရင်ဖြင့်တဲ့ တစ်ခါတည်း တရားထဲမှ တစ်ပါးတခြားကို စိတ်မသွားဘဲနဲ့ နေတော့တာပဲတဲ့။

## တရားတော်ထဲ စိတ်ရောက်နေ

အဲဒီကဲ့သို့ တရားထဲမှ တစ်ပါး၊ ဘုရားဟောတဲ့ တရားကို စိတ်တစ်ပါး တခြားမသွားဘဲနဲ့ နာနိုင်မှုဟာလည်း ပုထုဇဉ်တို့နဲ့ မဆက်ဆံ သောတာပန်တို့၏ စွမ်းရည်သတ္တိရှိ တာ အမှန်ပါပဲ၊ မထူးခြားဘူးလား . . . (ထူးခြားပါတယ်)။

အဲဒီလို တရားထူး တရားမြတ်တွေနာပြီး စိတ်ထဲမှာ သဘောကျနေလို့ရှိရင်ဖြင့် အိပ်ရာက နိုးတိုင်း နိုးတိုင်း ပီတိ၊ သောမနဿဖြစ်နေတာလည်း သောတာပန်တို့၏ ဖြစ်စဉ်ပဲ။

ဒီနေ့ နာခဲ့ရတာကောင်းလိုက်တာ၊ သဘောကျလိုက်တာ၊ ဒီပြင်အသံကတော့ ထွက်မလာဘူး၊ ဒီအသံကချည့် အရင်ထွက်တာပဲ။

## (၇)ချက်ပေါ်မှ လိုရာခရီးရောက်တယ်

အဲဒီလို ဒီအသံကချည့် တရားနာပြီး ထွက်လာခြင်း သည်လည်း သောတာပန်တို့၏ စိတ်ထား၊ သဘောသွား ဆိုတာ ပုထုဇဉ်တို့နဲ့ ခြားနားမှုဟာ ဒါတွေပါပဲ။

အခုပြောခဲ့တဲ့ (၇)ချက်နဲ့ တပည့်တော်ဖြင့် ဒုက္ခ ချုပ်ပါပြီ၊ ဘုရားလို့ ဘုန်းကြီးကို လျှောက်တာက အကဲခတ်ဖို့ လျှောက်တာ ကိုယ့်သန္တာန်ဖြစ်စဉ်က ဒီ (၇)ချက်ပေါ်မှ သာလျှင် လိုရာခရီးကို အပြီးတိုင်ရောက်တယ်လို့ ဆုံးဖြတ် ချက်ချပါ။

## အရက်မဝင်ဘူးဆိုတာ စာထဲမရှိ

ခုနက အရက်နဲ့ နွားနို့နဲ့ ရောတိုက်လည်း အရက်မဝင် ဘူးဆိုတာကလိုရင်း မဟုတ်ပါဘူး . . . (မှန်ပါ့)၊ စာလာ မဟုတ်ပါဘူး . . . (တင်ပါ့)၊ ဒါက ဘုရားဟော ကောသမ္ဗီ ပြည်မှာ ရဟန်းတွေ ရန်ဖြစ်တာနဲ့ သောတာပန်နဲ့ ရန်ဖြစ်တဲ့ ရဟန်းတွေနဲ့ ထူးပုံကိုဟောတာ။

## စုံစမ်းရေးတွေကို လိုရင်းမထားနဲ့

ပုထုဇဉ်ရန်ဖြစ်တဲ့ ရဟန်းနဲ့ သောတာပန်တို့၏ ဖြစ်စဉ်နဲ့ ထူးခြားပုံဟောတာ၊ ဒါကတော့ ကိုယ်တော်တိုင်

ဟောတာဖြစ်နေတော့ ဟိုစုံစမ်းရေးတွေကို လိုရင်းမထားနဲ့ ဒီအကဲခတ်ရေးကိုသာ လိုရင်းထားပါဆိုတာကို မဟောထိုက်ဘူးလား . . . (ဟောထိုက်ပါတယ်)။

ဟောထိုက်တယ်ဆိုတာ သဘောကျပြီလား . . . (ကျပါတယ်)၊ ဒါဖြင့် ဒီတရားထူးတရားမြတ်ကို ယနေ့ နာလိုက်ရခြင်းသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ငါတို့သည်ကား ဆိုရင်ဖြင့် ဒီအရေးမှ ဒီအရေးမရောက်သရွေ့ ကာလပတ်လုံး အပါယ်လေးပါးဟာက ဝမ်းထဲမှာ အနုသယသဘောနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာကိန်းသေးတယ်လို့ မှတ်ထားရမယ်။

သူကိန်းနေသရွေ့ကာလပတ်လုံး ရွှေကျောင်းကြီးဆောက်ပြီး၊ ရွှေဘုရားကြီးတည်စေကာမူ ဒါနဘယ်သူနဲ့မှ မတူတဲ့အလှူကြီးပေးစေကာမူ အပါယ်ရောက်ရမှာပဲ၊ မလွတ်သေးဘူး၊ ကုသိုလ်ကုန်သွားရင် အပါယ်ကျမယ်ဆိုတာ သဘောကျပြီလား . . . (ကျပါပြီ)။

## အင်မတန်ကြီးတဲ့အရေး

ကောင်းပြီ. . . ဒါဖြင့် ဒီအရေးဟာ အင်မတန်ကြီးတဲ့အရေးဆိုတာဖြင့် ဒကာကြီး ဦးမာတင် ဘုန်းကြီးကို ပင့်ကျိုး၊ ဘုန်းကြီးအတွက်ပြင်ကျိုး၊ ဆင်ကျိုး ဝေယျာဝစ္စတွေဟာတဲ့ ဒီလိုမှန်ကန်တဲ့တရားကြီးမှာ ဒီအလုပ်ကို အာစိဏ္ဏကံဖြစ်

အောင် တို့ပြင်ကျိုး၊ ဆင်ကျိုးဟာပေါ့ သောတာပန်နဲ့ ပုထုဇဉ် ထူးခြားတဲ့တရားကို နာရပေတယ်ဆိုပြီး သကာလ ဝမ်းမြောက်ရမယ် . . . (ဝမ်းမြောက်ပါတယ်)။

## ဒီဥစ္စာအပိုတွေ

မထူးခြားဘူးလား . . . (ထူးခြားပါတယ်)၊ ထူးခြားတယ်ဆိုတာမှတ်ပါတဲ့၊ ဒီဥစ္စာကလည်း တစ်သက်မှ တစ်ခါကြားရတာ၊ နို့မို့လို့ရှိရင်လည်း မောင်သစ်တို့ တောင်းသလိုဖြစ်နေမှာ စိုးရတယ်၊ အရက်နဲ့ ဘာနဲ့ ရောတိုက်ရင်ဘယ့်နှယ်တုံး၊ ကြိုးကြာတောင် မသောက်ဘူးတဲ့၊ ကြိုးကြာကတိရစ္ဆာန်ကြီး၊ ကြိုးကြာနဲ့ နှိုင်းယှဉ်နေလို့ ဘယ့်နှယ်လုပ်မတုံးဘာမှမဟုတ်ဘူး၊ ဒီဥစ္စာအပိုတွေလို့မှတ်ပါ။

အခုပေါ်တဲ့ စိတ် (၇) ချက်သာလျှင် ပုထုဇဉ်မှ သောတာပန်ဆိုတဲ့ အရိယာနဲ့ ထူးခြားတဲ့ (၇)ချက် အမှန်ပါ၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ရောက်အောင်ဘယ်လိုလုပ်ရမှာလဲ

ကောင်းပြီ ဒါဖြင့် ဒါက အရှင်ဘုရားတရားက အထက်တန်းအင်မတန်ကျနေပါတယ်၊ ဦးမာတင်က လျှောက်လိမ့်မယ်၊ ဒါက တပည့်တော်တို့ရောက်ပြီးမှ စစ်ဆေး

ရမယ့်တရားဖြစ်ပါတယ်။ ရောက်အောင် ဘယ်လိုလုပ်ရမည့်
အရေးဟာ . . . (တပည့်တော်တို့ အရေးပါ)။

ရောက်ပြီးမှ စစ်ဆေးရမည့် အရေးသည်ကားလို့ ဆိုလို့ရှိရင် တော်တော်ကြံကြိုက်ပြီးမှသာလျှင် ပြောရမည့် စကားဖြစ်ပါတယ်။ ရောက်ဖို့အရေးကိုဘယ်လမ်းက သွားလို့ ဘယ်ဘူတာဆိုက်မှ၊ ဘယ်လိုနိဗ္ဗာန်ကပ်တယ်၊ ဘယ်ဘူ တာ ဆိုက်မှ အရောက်ကြီးရောက်တယ်ဆိုတာကို ပြောပါဦး ဆိုတာကို ခင်ဗျားတို့က တောင်းပန်ရမယ် (မှန်လှပါဘုရား)။

## ဘုရားအလုပ်နဲ့ပုထုဇဉ်တို့အလုပ်

တောင်းပန်တော့လွယ်ပါတယ်တဲ့၊ တောင်းပန်တော့ လွယ်တယ်ဆိုတဲ့ဥစ္စာက၊ နည်းနည်းလေးစကားထည့်ပြော ချင်တာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

၁။ သိအောင် ပြောမှုအလုပ်က ဘုရားသခင် ကိုယ်တော်မြတ်ကြီးအလုပ် (မှန်ပါ့)

၂။ ကျင့်ကြံအားထုတ်ပြီး ခရီးရောက်ဖို့အလုပ် က ဒကာ ဒကာမတွေအလုပ်။

၃။ ကျင့်ကြံအားထုတ်ပြီး သိအောင် ပြောမှုက ဒါက ဆရာသမားတို့အလုပ်။

ပြောမှုကို နားလည်ပြီး၊ အလုပ်လုပ်မှုက ဒကာ ဒကာမတွေ အလုပ်။

## ဒီလမ်းပဲသွားဖို့၊ လမ်းခင်းပေးခဲ့ပါမယ်

ငါဘုရားသခင်သည် ဟောဖို့အလုပ်က ငါ့ဘုရားအလုပ်၊ ကျင့်ကြံဖို့အလုပ်က ပုထုဇဉ်တို့အလုပ်၊ သာဝကတွေ၏ အလုပ်၊ အသေအချာဟောတယ်၊ သံယုတ်ပါဠိတော်မှာ အဲ့ဒါကြောင့် . . .

၁။ ဘုန်းကြီးတို့ကလည်း သာသနာ မကွယ်သေးလို့၊

၂။ ကိုယ်တိုင်လည်း ထိုက်တန်တဲ့ အလုပ်တွေ လုပ်ထားလို့၊

၃။ လမ်းကလည်း မလွဲဘူးဆိုတာသိထားလို့၊

ဒီဒကာ ဒကာမတွေကို ဒီလမ်းပဲသွားဖို့ရာဖြင့်၊ လမ်းခင်းပေးခဲ့ပါ့မယ်၊ လမ်းခင်းပေးခဲ့ပါ့မယ်။

လမ်းခင်းပေးတော့ လွယ်ပါတယ်တဲ့ မနေ့ညကပဲ နာကြရတယ်၊ သစ္စဉာဏ် ၊ ကိစ္စဉာဏ်၊ ကတဉာဏ်။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဒါကြောင့် မနေ့ညက ပြောတယ်။ ပဋ္ဌဝဂ္ဂီကို၊ သစ္စဉာဏ်ဟောတုန်းက ဒါနသီလ ပါပြီလားဟ လို့ မေးမြန်းတော့လည်း၊ ဦးမာတင်တို့က မပါသေးဘူးတဲ့၊ (မှန်လှပါဘုရား)။

သူတို့က ခေါင်းပါးတဲ့ အကျင့်၊ ကျင့်နေတဲ့လူ(မှန်ပါ့)၊ မိစ္ဆာ ဒိဋ္ဌိသတ်တုန်းရှိသေးတယ်၊ မသတ်ဘူးလား . . . (သတ်ပါတယ်)၊ အဲ့ဒီအချိန်မှာပဲ သစ္စဉာဏ်စဟောလိုက်တယ်။

## (၂)နံပါတ်သည် ဘာသစ္စာလဲ

အဲ့ဒီတော့ ဒီသစ္စဉာဏ်က၊ ပဋိစ္စသမုပ္ပါဒ်ကို မျက်လုံးထဲပဲထားလိုက်ကြပါတော့ အဝိုင်းကြီးနော် (မှန်ပါ့)၊ အဝိုင်းကြီးမျက်လုံးထဲပဲ ထားလိုက်ပါတော့၊ (၂)နံပါတ်ဟာတဲ့ ဒကာ ဒကာမတို့ (၂)နံပါတ်သည် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

မောင်သစ်ကောမှတ်မိပြီလား (မှတ်မိပါပြီ)၊ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ) ၊ (၂)နံပါတ်သည် ဒုက္ခသစ္စာဆိုသဖြင့် ၊ (၂)နံပါတ်သည်ဘာတွေတုံးဆိုတော့၊ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ဒါ(၂)နံပါတ်။

## ပဋိစ္စသမုပ္ပါဒ်အလိုတော့ (၅) ခု

ဩော် - ဒါက ပဋိစ္စသမုပ္ပါဒ်အလိုတော့ (၅)ခု ဘုရား၊ ဒီ(၅)ပါးကို စုပေါင်းလိုက်လို့ရှိရင်လည်း ခန္ဓာငါးပါးဖြစ်ပါတယ်။ ဒီ(၅)ခုကို စုပေါင်းလိုက်ရင် . . . (ခန္ဓာငါးပါးပါ)

## ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး

ခန္ဓာငါးပါး ချုံ့လိုက်ကြပါစို့၊ ကျဉ်းလိုက်ကြပါစို့၊ ဂဏန်းသင်္ချာနဲ့ပဲ၊ ရုပ်နာမ်ပဲရှိတယ်၊ ပဋိစ္စသမုပ္ပါဒ် (၅)ပါးချုံ့လိုက်တော့ ခန္ဓာငါးပါးဖြစ်တယ်၊ ခန္ဓာငါးပါး ချုံ့လိုက်တော့(ရုပ်နာမ်ပါ)

## ရုပ်နာမ်ချုံ့လိုက်တော့ဖြစ်မှုနဲ့ပျက်မှု

ရုပ်နာမ်ကို တစ်ခါချုံ့လိုက်တဲ့အခါကျတော့ ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ်၊ ရုပ်နာမ်ချုံ့လိုက်တော့ . . . (ဖြစ်မှုပျက်မှုပါဘုရား) အဲ့ဒါမှ အဲဒါမှတကယ်အရေးကြီးတယ်။

ရုပ်နာမ်ကို ဒကာ ဒကာမတို့ ရုပ်ကြည့်လိုက်ပြန်လည်းရုပ်ကိုမတွေ့စေနဲ့၊ ဖြစ်မှုပျက်မှုတွေ့ပါစေ. . . (မှန်ပါ့)။

## ရုပ်နာမ်မတွေ့စေနဲ့

နာမ်ကြည့်ပြန်တော့လည်း ဘာတွေ့ရမလဲ . . . (ဖြစ်မှုပျက်မှုတွေ့ရမယ်)၊

ဟာဘုန်းကြီးစကားက ဘုရား၊ ရုပ်နာမ်ရှုရမယ်ဆိုပြီး ရုပ်နာမ်မတွေ့စေနဲ့ဆိုတော့ တပည့်တော်တို့မှာ အတော်လေးအမှတ်အသားခက်သွားတယ်လို့ ဦးမာတင်တို့က ဆိုလိမ့်မယ်။

မဆိုပါနဲ့တဲ့ အတည့်ကိုပြောတာ၊ အတည့်ကိုပြောပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့။ အရှုခံရတာက ပူရေဇာတပစ္စည်း၊ ပူရေ၊ ရှေး၌၊ ဇာတောဖြစ်သည်။

## အရှုခံတရားက ပူရေဇာတ

အရှုခံရတာက ပူရေဇာတ၊ ရှုဉာဏ်ကပစ္ဆာဇာတ၊ ဒါလေးနှစ်ခု မှတ်ထားလိုက်ပါ၊ အရှုခံတရားက . . . (ပူရေဇာတ)၊ပူရေဇာတ၊ ပူရေ = ရှေးက ။ ဇာတဖြစ်နှင့်လေသတည်း။

## ရှုဉာဏ်ကပစ္ဆာဇာတ

ရှုရမည့် ဉာဏ်က ပစ္ဆာဇာတ၊ ပစ္ဆာ=နောက်မှ။ ဇာတော -ဖြစ်လေသည်။ ပစ္ဆာဇာတော = နောက်မှဖြစ်သည်။ ဟိုပဋ္ဌာန်းကို သွားမယူနဲ့ သူ့နာမည်ပေးနေတာ။ ပဋ္ဌာန်းနဲ့သွားဟောလိုက်လို့ရှိရင် ဆုံးမှာမဟုတ်တော့ဘူး။

ဩော် - တို့ဟာ အလုပ်မှုဖြစ်ရမည့်တရားနဲ့ ရှုရမည့်ဉာဏ်နဲ့ကို၊ နာမည်ပေးတာကိုးလို့ မှတ်လိုက်စမ်းပါ။ ရှုရမည့်တရားက ပူရေဇာတ၊ ရှုရမည့်ဉာဏ်က (ပစ္ဆာဇာတ)၊ ပစ္ဆာဇာတဆိုတော့ ဩော် . . . နဂိုက ကိုယ်ကရှေ့နောက်ပါလား၊ နဂို့ကိုယ်ကရှေ့နောက်ဖြစ်တယ်။

## ရှုရမည့်တရားက ရှေ့ပိုင်းက

ရှုရမည့်တရားက ရှေ့ပိုင်းက၊ ရှုတဲ့တရားကနောက်ပိုင်းက၊ ဆိုတော့ ဟုတ်ပြီတဲ့ ဒါဖြင့် ရှုရမည့်တရားက ရှေ့ပိုင်းက ရှုရမည့်တရားက နောက်ပိုင်းကလို့ သိထားတော့၊ ကြော် . . . ဒါဖြင့် ရှုရမည့်တရားရှေ့က ချုပ်ပြီးမှသာလျှင် ရှုမည့်တရားက ပစ္စုပ္ပန်ဇာတ နောက်မှပေါ် ရမှာပါလားဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်လှပါဘုရား)။

ရှုရမည့်တရားက ရှေ့ကချုပ်ပြီးနှင့်ပြီ၊ အဲ . . . ချုပ်ပြီးနှင့်တဲ့ တရားကို ပစ္စုပ္ပန်၊ ဇာတနောက်မှရှုရမှာ ၊ (မှန်ပါ့) နောက်ဖြစ်တဲ့ပစ္စုပ္ပန်ဇာတဉာဏ်က. . . (နောက်မှရှုရမှာပါဘုရား)၊ နောက်မှရှုရမှာ။

## ပျက်မှုတွေ့ပါစေ

ဒါထဲကိုက ရုပ်ကို မတွေ့စေနဲ့ ပျက်မှုကြီးကိုတွေ့ပါစေ၊ နာမ်ကို မတွေ့စေနဲ့ (ပျက်မှုတွေ့ပါစေ) ပျက်မှုတွေ့ပါစေဆိုတော့ ရုပ်ဆိုတာ ဒကာ ဒကာမတို့၊ နာမည်မရှိလို့ နာမည် တပ်ပြောတာ တကယ်သိစေချင်တာက ပျက်မှုကို သိစေချင်တယ်။

နာမ်ဆိုတာ နာမည်မသိမှာစိုးလို့ ဟောပါတယ်၊ စင်စစ်ကတော့ ပျက်မှုကို သိစေချင်တယ်၊

ဒါဖြင့် သူတို့က ပုရေဇာတဖြစ်သောကြောင့် ပျက်ပြီးသား၊ ရှေ့ညာဏ်က ပစ္ဆာဇာတဖြစ်သောကြောင့်၊ နောက်မှဖြစ်တယ်၊ ဒါဖြင့် ရုပ်ရှုရင် ရုပ်မတွေ့စေနဲ့ အပျက်ကိုတွေ့ပါစေ၊

နာမ်ကိုရှုရင် . . . (နာမ်မတွေ့စေနဲ့၊ အပျက်ကိုတွေ့ပါစေ) ဘာတွေ့ရမှာလဲ . . . (အပျက်တွေ့ရမှာပါ) ဘာဖြစ်လို့တုံး၊ ပုရေဇာတဆိုတာ ရှေးကျတယ်၊ ရှေးဖြစ်သောကြောင့် ချုပ်သွားပြီ။

## ချုပ်ပြီးသားကိုမြင်တာ

ပစ္ဆာဇာတဆိုတာ နောက်မှ ပေါ်တော့၊ ချုပ်တာနဲ့ နောက်မှပေါ်တဲ့ တရားက တွေ့တာနဲ့ သွားကိုက်ရမယ်၊ ချုပ်ပြီးသားရယ်၊ ချုပ်ပြီးသားကို မြင်တာရယ်၊ သွားတွေ့ရမယ်၊ ဆိုတော့ ပုရေဇာတနဲ့၊ ပစ္ဆာဇာတနဲ့ သွားကိုက်ရမယ်။

ဩော်. . . ဒါဖြင့် ပဋ္ဌာန်းလည်းပါသွားပြီ၊ ဝိပဿနာရှုတဲ့နေရာ မှာပုရေပစ္ဆာမှ ရမှာပဲ၊ သဘောပါပြီလား . . . (ပါပါတယ်)။

ဘယ်လိုမှရမှာလဲ . . . (ပုရေပစ္ဆာမှရမှာပါ) ရှုစရာတရားက ပုရေ. . . ရှုညာဏ်တရားက ပစ္ဆာ၊ ဒါမှရမယ်(မှန်လှပါ)။

ပစ္စုပ္ပန်တည့်ရဲ့လားဘုရားလို့ မေးတော့ ဒီကြားထဲ ဘယ်သူမှ မခြားလို့တည့်ပါတယ်။ ဒီကြားထဲမှာ ဘယ်ကာလကမှ မဝင်လာဘူး၊ ဘယ်နာမ်တရားကမှ မဝင်ပါဘူး။

ဘယ်ရုပ်တရားမှ မဝင်လာသောကြောင့် သူတို့နှစ်ခု
ဟာ ပစ္စုပ္ပန်ပါ၊ ပစ္စုပ္ပန်လည်း တည့်တယ်၊ ကြားမဝင်လာလို့
သဘောကျပလား (ကျပါပြီ)။

## ဒီလိုဆရာမျိုးကိုရှာမှရမယ်

ဘုရားဟောနဲ့ ကြံလုံးဖန်လုံးနဲ့ အလုံးစုံအကုန်တစ်
ခဏချင်းနဲ့ ပေါက်ချင်ပါတယ် ဆိုရင် ဒီလိုဆရာမျိုးကို ရှာမှ
ရမယ်။ နို့မို့ရကိုမရဘူး။

ရောက်လာရှုပါလားဆိုတဲ့ ဆရာမျိုးနဲ့တော့ မရဘူး၊
(မှန်ပါ့)၊ မရဘူး၊ အတော်ဝေးတယ်၊ အတော်ဝေးကွာပါတယ်
တဲ့၊ ဒါကြောင့် ဒါဂုဏ်ပုဒ်ထုတ်ပြီး သကာလ ပြောနေတယ်လို့
ဦးမာတင်က မယူဘဲနဲ့ ဒို့ဆရာ ဒို့ကိုအရင်းကျကျပြောနေ
တယ်လို့ ယူပါ (မှန်လှပါဘုရား)။

## တရားအစစ်ကိုပြောနေတယ်

ဂုဏ်ပုဒ်ထုတ်ပြောနေတယ်လို့ မယူနဲ့၊ အရင်းကျကျ
ပြောနေတယ်၊ အစစ်ကို ပြောနေတယ်၊ အမှန်ဆုံးဖြတ်ချက်
ချပေးနေတယ်၊ ဒါကိုသာ ဆုံးဖြတ်ချက်ချရမယ်၊ ရှင်းပြီလား
. . . (ရှင်းပါပြီ)။

ကောင်းပါပြီ ဒါကြောင့် မနက်က ဒကာကြီးတွေပြော လိုက်တဲ့အခါ ၊ အသေကိုအရှင်နဲ့ကြည့်ဆိုတာနဲ့ သွားကိုက် တယ် ။ (မှန်ပါ) အသေကို . . . (အရှင်နဲ့ကြည့်)၊ ကိုက်ပြီ လား . . . (ကိုက်ပါတယ်)။

အသေဆိုတာသည် ခင်ဗျားတို့ရှေးကျလို့သေနှင့် တာကိုး၊ သူက ကြီးလို့သေတာပေါ့၊ အရှင်ဆိုတာ ငယ်သေး လို့ ကြည့်နိုင်တာပေါ့ . . . (မှန်ပါ့)၊ ဒါဖြင့် အသေကို . . . (အရှင်နဲ့ ကြည့်ရပါမယ်)၊ အရှင်နဲ့ကြည့်ရမယ်ဆိုတာကို သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ပူရေပစ္စာဆိုတဲ့ စကားဟာ နည်းသုံးလိုက် တာပါပဲဆိုတာ မနက်ကဟာနဲ့ တစ်ထပ်တည်း၊ စကား ပြောင်း သုံးလိုက်တယ်၊ အတော်ကြီးတဲ့ စကားပါလား ဖြစ်သွားတယ်၊ စင်စစ်တော့ အတူတူပဲ။

## အသေကိုအရှင်နဲ့ကြည့်

အသေကို . . . (အရှင်နဲ့ကြည့်)။ အရှင်နဲ့ကြည့် တော့ ဒကာ ဒကာမတွေ၊ ဘုန်းကြီးက ပြောရပါတယ်၊ ဘယ်သူ့အသေကို ဘယ်သူ့အရှင်နဲ့ ကြည့်တာတုံး မေး တော့၊ မိမိအသေကို မိမိဉာဏ် အရှင်နဲ့ ကြည့်တာ။ မိမိ အသေကို . . . (မိမိဉာဏ်အရှင်နဲ့ကြည့်တာ)။ မိမိဉာဏ် အရှင်နဲ့ ကြည့်တာဆိုတာ သဘောပါပြီလား . . . (ပါပါ တယ်ဘုရား)။

ဒါဖြင့် ကိုယ့်အသေကို မြင်ရတာ အမြင်များတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ကိုယ့်အသေဟာ မနက်ကပြောခဲ့တယ်၊ သူများက အလောင်းချသွားတာတောင် မသိပါဘူး၊ ကိုယ့်အသေ ခင်ဗျားတို့မြင်ဘူးဖို့ အတော်ခဲယဉ်းတယ်၊ (ခဲယဉ်းပါတယ်)။

## သေလိမ့်မယ်ဆိုတာတော့ သိပါတယ်

သေလိမ့်မယ်ဆိုတာတော့ သိပါရဲ့၊ သေတော့မသိဘူး၊ အဲဒီသေတာမသိလို့ ခင်ဗျားတို့နောက် အသေကို သဘောကျ ကျနေတာ၊ သေတာသိတဲ့ ပုဂ္ဂိုလ်ဖြင့်ကိုယ်တိုင်မြင်ရရင်၊ (သဘောမကျပါဘုရား)။

အခုတော့ ခင်ဗျားတို့က ကိုယ်တိုင်မြင်ရတာ၊ အသေကို ကိုယ်တိုင်မမြင်ရတဲ့ ဇာတ်ထုတ်က ခင်းလာရတာများတော့၊ အို . . . အခုသာ သေတာ နတ်သေကျတော့ အသက်ကရှည်သကွဆိုပြီး သကာလ၊ အသေမမြင်ဘူး တော့၊ ဒုတိယအသေထပ်ပြီး ဆုတောင်းတယ်၊ သဘောကျပြီလား . . . (ကျပါပြီ)။

ကိုယ့်အသေ ကိုယ်မမြင်ဘူးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်အခါမဆို ဘဝတဏှာနဲ့ ဆုတောင်းလိမ့်ဦးမယ် ဆိုတာ မောင်သစ်အသေ အချာမှတ်၊ (မှန်ပါ့)၊ မမှတ်သင့်ဘူးလား . . . (မှတ်သင့်ပါတယ်)။

## ဝိပဿနာဆိုတာဘာပါလိမ့်

ကိုင်းဒါဖြင့် ဝိပဿနာဆိုတာ၊ ဘာပါလိမ့်မတုံးဆိုတော့၊ စာလိုသုံးရင် ပူရေကို ပစ္စာနဲ့ကြည့်၊ မြန်မာလိုသုံးတော့ ကိုယ့်အသေကို ကိုယ့်အရှင်ကနေကြည့်. . . (မှန်ပါ့)၊ အသေကို (အရှင်နဲ့ကြည့်)။

အရှင်နဲ့ကြည့်လိုက်တဲ့အခါကျတော့၊ ရှင်တာနဲ့ကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်အသေကိုယ်မြင်တာပဲ။

ဩော် ဒီလူ့ဘဝရတာသည်၊ ခဏအတွင်းမှာပဲ၊ ဒုက္ခရောက်၊ မရောက်ပြောကြည့်တာပေါ့၊ ဆင်ခြင်ကြည့်တာပေါ့၊ ဘယ်နှယ်နေကြမလဲ၊ ခဏအတွင်းတွင်၊ သေနေတာ . . . (သေနေတာ) ၊ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

## ကိုယ့်ဒုက္ခ၊ ကိုယ်မြင်တာသည် သစ္စ ဉာဏ်

ဩော် . . ကိုယ့်ဒုက္ခကိုယ်မြင်ပြီ၊ ကိုယ့်ဒုက္ခကိုယ်မြင်တာသည် သစ္စဉာဏ်မှတ်လိုက်ပါ၊ . . . (မှန်ပါ့)။ ကိုယ့်ဒုက္ခ ကိုယ်မြင်တာ . . . (သစ္စဉာဏ်ပါဘုရား)၊ သစ္စ ဉာဏ်၊ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဩော် . . . ကိုယ့်ဒုက္ခကိုယ်မြင်တာသည်. . . (သစ္စဉာဏ်)၊ အဲဒီလို သစ္စ ဉာဏ်ရဖို့ဟာလည်း၊ ဦးမာတင်လွယ်ပါ့မလား . . . (မလွယ်ပါဘူး) မလွယ်ဘူး။

ဘာသစ္စာတုံးမေးတော့ (၂) နံပါတ်အကွက်ထဲက ဖြစ်နေတယ် (မှန်ပါ့)၊ (၂)နံပါတ်အကွက်ထဲက ဖြစ်နေတော့၊ (၃) နံပါတ်ဖြတ်နိုင်တဲ့ ဉာဏ်နဲ့ကြည့်တဲ့ (ဝါ)အရှင်နဲ့ကြည့်တဲ့၊ သဘောကျပလား . . . (ကျပါပြီ)။

## သစ္စဉာဏ်သည်၊ တဏှာဥပါဒါန်ကံသတ်တယ်

(၃)နံပါတ်ကူးသေးရဲ့လား . . . (မကူးပါဘူး)၊ တဏှာ၊ ဥပါဒါန်ကံဘက်ကို . . . (မကူးပါဘူး)၊ မကူးတော့ပါဘူးဆိုတော့ ဒကာ ဒကာမတွေ သိသဖြင့်တဲ့၊ ဩော် သစ္စဉာဏ်သည်ပင်လျှင်၊ တဏှာဥပါဒါန်၊ ကံတွေသတ်ပါလားဆိုတာ ပေါ်လာတယ်၊ မပေါ်ဘူးလား . . . (ပေါ်ပါတယ်)။

---

တဏှာဥပါဒါန်ကံသတ်တော့ ဇာတိ၊ ဇရာမရဏာက လာပါဦးမလား . . . (မလာပါ)။

## ဘုရားလာပွင့်နေတာလို့မှတ်

ဩော် . . . ဒါဖြင့် သစ္စ ဉာဏ်တစ်လုံးဟာလည်း၊ နည်းနည်းနောနော ခရီးပေါက်တာမဟုတ်ဘူးလို့ မှတ်လိုက်စမ်းပါ။ ဒါကျေးဇူးလာဆပ်နေတာနော်၊ ဘုရားလာပွင့်နေတာလို့ မှတ်လိုက်ပါ။

ဘုရားဟောရင်လဲ ဒါကစဟောမှာ . . . (မှန်ပါ့)၊ ဘုရားတစ်ဆူ တစ်ဆူပွင့်ရင် သစ္စ ဉာဏ်ကစဟောမှာ၊ ဒီပြင်ဟာဟောသေးလား . . . (မဟောပါဘူး)၊ မဟောပါဘူး ဒါပဲဟောမယ် . . . (တင်ပါ့)။

## မဂ်လာတက်လာတာ

အဲဒါကြောင့် ဒီဒကာကြီးတိုက်မှာ **"ကာလေနဓမ္မသာဝနံ ဧတံမင်္ဂလမုတ္တမံ"** ဆိုတဲ့အတိုင်း ကျင့်စဉ်တက်ဖို့ကားနဲ့ပြေးလာပြီး၊ ခင်ဗျားတို့တရားနာရတယ်ဆိုတာ မဂ်လာတက်လာတာ . . . (မှန်ပါ့)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။

ဘာဖြစ်တာလဲ . . . မဂ်လာတက်လာတာ၊ ဘုန်းကြီးကြွလာတာလား၊ မဂ်လာလာတက်တာလား . . . (မဂ်လာတက်လာတာပါ)၊ အဲဒီလိုယူမှ၊ ငါ့ဆရာကြွလာလို့ ဝမ်းသာတာ လုပ်မနေနဲ့ဦး၊ တဏှာဥပါဒါန်ဘက်လှည့်သွားလို့ ဝဋ်ကျနေဦးမယ် . . . (ရောက်သေးတာပဲ)၊ ရယ်ကြသည်။

## ဝိပဿနာနှင့် သစ္စဉာဏ်

ကိုင်းဒါဖြင့် ဩော် ကိုယ့်အသေကိုယ်မြင်တာသည် ဝိပဿနာလည်း ဆို၏။ သစ္စဉာဏ်လည်းဆို၏။ ဝိပဿနာဉာဏ်ကော . . . (ဆိုပါတယ်)။

ဘာပြုလို့တုံးဆိုတော့၊ မရှုဘဲနဲ့မြင်တာလား၊ ရှုလို့မြင်တာလား . . . (ရှုလို့မြင်တာပါဘုရား)။ ရှုလို့မြင်တော့ ဝိပဿနာဉာဏ်လည်းဆိုပါ။

ဒါဖြင့် သစ္စဉာဏ်ကျေနပ်ပြီ၊ သစ္စဉာဏ်ကျေနပ်တော့ ကိစ္စဉာဏ်ပြောလိုက်ပါဦးမယ်။

## ကိစ္စသိတဲ့ဉာဏ် ကိစ္စဉာဏ်

ကိစ္စဉာဏ်ဆိုတာ ဘာပါလိမ့်မလဲလို့မေးတော့၊ ကိစ္စသိတဲ့ဉာဏ်၊ ကိစ္စဉာဏ်ပေါ့ကွာ၊ ကိစ္စသိတဲ့ဉာဏ် . . . (ကိစ္စဉာဏ်)၊ ဒါကို တိုတိုကတော့ဒါပဲ . . . (မှန်ပါ့)။

အကျယ်တဝင့် ချဲ့ထွင်ပြီး သဂ်ဂါလ ဆရာသမား အမိန့်ရှိပါဦးဆိုတော့၊ ဟာ . . . ဒကာကြီးဦးမာတင်ရေ - ရုပ်ကလေး ဘာကိစ္စရှိသတုံးဆိုလို့ရှိရင်ဖြင့်တဲ့ ဝိပရိဏာမလက္ခဏာကိစ္စရှိတယ်၊ ဖေါက်ပြန်ပျက်စီးတဲ့ ကိစ္စရှိတယ်။

ဝေဒနာ၊ ဝေဒနာသဘောစွန့်သွားရင်။ ဖေါက်ပြန်ပျက်စီးတဲ့ကိစ္စ၊ ရုပ်သဘောစွန့်သွားရင် . . . (ဖေါက်ပြန်ပျက်စီးတဲ့ကိစ္စ)၊ အဲဒီကိစ္စ ခင်ဗျားတို့မြင်အောင်ကြည့်ရမယ် . . . (မှန်ပါ့)။

## ပေါက်ပြန်ပျက်စီးရမယ့်ကိစ္စ

ဒီကိစ္စမြင်အောင်ကြည့်ရမယ်၊ ဆရာတော်ဘုရား အခုရှုနေတာ စိတ်သဘောမတွေ့တော့ပါလားဆိုတော့ အို . . . သူ့ကိစ္စက ဖေါက်ပြန်ပျက်စီးရမယ့် ကိစ္စက၊ သူ့ကိစ္စ၊ စိတ်၏ သဘောက ဘာပါလိမ့် . . . (ဖေါက်ပြန်ပျက်စီးရမည့်ကိစ္စပါ)။

အဲ့ဒီကိစ္စသိလိုက်တဲ့အခါကျတော့၊ ဩော် . . . သူ့ကိစ္စက ဒါကိုး၊ ခန္ဓာကိစ္စက ဒါကိုး၊ ဝိညာဏက္ခန္ဓာကိုး . . . (မှန်ပါ့)။

ဝိညာဏက္ခန္ဓာကိစ္စက ဘာပါလိမ့် . . . (ဖောက်ပြန်ပျက်စီးရမည့်ကိစ္စပါ) ဖောက်ပြန်ပျက်စီးတဲ့ကိစ္စမှတစ်ပါး၊ ဒီပြင်ကိစ္စက ရှိသေးသလား . . . (မရှိပါဘူး)။

မြဲတဲ့ကိစ္စ . . . (မရှိပါဘူး)၊ ပျက်တဲ့ကိစ္စ . . . (မရှိပါဘူး)၊ တစ်စ တစ်စ လေးရှိတဲ့ ကိစ္စ . . . (မရှိပါဘူး)။ ဒါဧကစ္စ သဿတဒိဋ္ဌိဟောနေတာ . . . (မှန်လှပါ)၊ အဲဒါ သူ့မှာဖြင့် ဖေါက်ပြန်ပျက်စီးတဲ့ကိစ္စ၊ ဒကာ ဒကာမတွေက ဩော် . . . ခုနက ဒီနေရာရှိတယ်၊ မျက်လုံးထဲမှာ မြင်စိတ်ရှိတယ်၊ အခုတော့ဖြင့် မြင်စိတ်မရှိရှာဘူး ဖေါက်ပြန်ပျက်စီးသွားပြီလို့ နောက်က ဒုက္ခသစ္စာမို့။ နှိပ်စက်မှုခံပြီး သကာလ၊ ပျက်စီးသွားရရှာပြီ။

## ဒီသုံးခုခေါင်းဆောင်ပြီး မေွးလာတာ

သူ့မှာ သူယူလာတဲ့ ဇာတိ၊ ဇရာ၊ မရဏကြောင့် ပျက်စီးသွားတာပဲ၊ မြင်စိတ်ကလေးက လာကတည်းက၊ ဇာတိ၊ ဇရာ၊ မရဏ ယူလာတာ . . . (မှန်ပါ့)၊ သူဖြစ်ပေါ်လာ ကတည်းက ဒီသုံးခုခေါင်းဆောင်ပြီး မွေးလာတာ။

မွေးလာတော့၊ ဖြစ်လည်းဖြစ်ရော ပျောက်လည်း ပျောက်ရော၊ ဘာကြောင့်တုံး၊ သူယူလာတဲ့၊ ဇရာ ၊ မရဏ ကြောင့်၊ သဘောကျပြီလား . . . (ကျပါပြီ)။

## သူ့မှာ ဘာကိစ္စရှိသတုံး

ဒါဖြင့် သူ့မှာ ဘာကိစ္စရှိသတုံး၊ ဇရာ မရဏနှိပ်စက် ခြင်းကိစ္စရှိတယ် . . . (မှန်လှပါ)၊ စိတ်ကလေးတစ်ခုမှာ . . . (ဇရာ၊ မရဏနှိပ်စက်ခြင်းကိစ္စရှိပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတွေက ကြည့်လိုက်တဲ့အခါကျ တော့ ပျောက်သွားတာ၊ အလိုလိုပျောက်သွားတာလား၊ အနှိပ် စက်ခံရလို့ ပျောက်သွားတာလား . . . (အနှိပ်စက်ခံရလို့ ပျောက်သွားတာပါ)။

အဲ့ဒီကျအောင် ဉာဏ်ရောက်ပြီး ကြည့်လိုက်တော့၊ ဉာဏ်က ထိုးထွင်းပြီး၊ ဩော် . . . ဇရာ မရဏ ဒဏ်ချက်

ပြင်းထန်ပါကလား . . . (မှန်ပါ)၊ ဇရာ မရဏဒဏ်ချက်

တယ်ပြင်းထန်ပါလား၊ ခုဖြင့် စိတ်ကလေးဟာဖြင့် တစ်တို၊ တစ်စတောင် ရှာမတွေ့တော့ဘူး၊ တွေ့သေးရဲ့လား . . . (မတွေ့တော့ပါဘူး)။

## နှိပ်စက်ခြင်းကိစ္စနဲ့ကြုံသွားပြီ

မတွေ့တာထောက်လိုက်တဲ့ အခါကျတော့၊ သူသည် နှိပ်စက်ခြင်းကိစ္စနဲ့ကြုံသွားပြီ။

အဲဒီနှိပ်စက်ခြင်းကိစ္စနဲ့ တကွကြုံသွားပြီလို့ သိတဲ့ ဉာဏ်ဟာ၊ ဟိုက ကိစ္စ၊ ဒီကဉာဏ်၊ ဟိုမှာကသူ့ကိစ္စဖြစ်တာ၊ ဒီက ဉာဏ်ကနေနှလုံးသွင်းလိုက်တဲ့အခါကျလို့ရှိရင် ဉာဏ်ဖြစ်တယ်။

ဒါဖြင့် ဟိုက ကိစ္စကို ဒီကသိသောကြောင့် ကိစ္စဉာဏ် . . . (မှန်လှပါဘုရား)၊ သဘောပေါက်ပြီလား . . . (ပေါက်ပါပြီ)။

## နှိပ်စက်တဲ့ကိစ္စကို ဉာဏ်ကသိရင်

ဟိုက နှိပ်စက်တဲ့ကိစ္စကို ဉာဏ်ကသိသောကြောင့် . . . (ကိစ္စဉာဏ်ပါဘုရား)၊ ကိစ္စဉာဏ်ဆိုတာ အထူးမဟုတ်ပါဘူး၊ နှိပ်စက်တဲ့ ကိစ္စကို ဒီကသိလို့ရှိရင်၊ ဘာတုံး . . . (ကိစ္စဉာဏ်)။

ဒါဖြင့် အဲဒီ ကိစ္စဉာဏ်ကို ဒကာကြီး ဦးမာတင်က ပြုတ်ဆန် ကြိတ်သလို အမြဲတန်းလုပ်နေမယ်ဆိုလို့ရင်ရှိဖြင့်၊ သိပ်နေရာ ကျမှာ. . . (မှန်ပါ့)၊ နောက်ပြုတ်ဆန်၊ မပြုတ်ရ အောင်လို့။ ပုပ်ကပုပ်၊ ညှိကညှိ၊ နံက နံနဲ့၊ ဒီအထဲ တစ်ခါတည်း တောင်ဝှေးတစ်ချောင်းနဲ့ သွားချင်သွားနေဦးမှာ အတော်ဆိုးတဲ့ အဖိုးကြီးတစ်ယောက်ကျနေတာ။

မဟုတ်ပါဘူး၊ ဒီနေရာသွားကောင်းတာလား၊ မသွား ကောင်းတာလား ဣဋ္ဌာရုံတွေလား ၊ အနိဋ္ဌာရုံတွေလား မေးရင် ဘယ့်နှယ်ပြောမလဲ. . . (အနိဋ္ဌာရုံတွေပါ)၊ အနိဋ္ဌာရုံ တွေကို ဘာပြုလို့တိုးတာတုံးဆိုတော့ အို . . . လင်းတ မျိုး ကိုး ဘုရား . . . . ၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

## လင်းတ မျိုးပြုတ်မှကောင်းမှာ

လင်းတ ဟာ အပုပ်ရှိတဲ့ဆီတိုးတာ . . . (မှန်ပါ့ ဘုရား)၊ အဲ့ဒီတော့ . . . ဒီလင်းတ မျိုးပြုတ်မှကောင်းမှာ၊ သဘောကျပြီလား . . . (ကျပါပြီ)၊ လင်းတ မျိုးပြုတ်ပြီး၊ ဟင်္သာမျိုးလို ရေလည်းကြည်မှ၊ ကြာလည်းသန့်မှ၊ ဒီထဲ ပျော် မှ ကိုက်တာ . . . (မှန်ပါ့)။

အခုတော့ အပုပ်လည်းရှိတယ်၊ ဒီအထဲမှာပျော်တယ် ဆိုတော့ လင်းတ မျိုးကို မကျွတ်သေးဘူး၊ မကျွတ်သေးဘူးဆို တာ သဘောပါပြီလား . . . (ပါပါပြီ)။

## ခေါင်းထဲတောင် ပြုတ်ဆန်ထည့်လိုက်ပါ

ဒါပြောရမည့် ဒကာ ဒကာမမို့၊ တရားက ဒီထက် ဒကာကြီးက အပုပ်ကြိုက်သေးတယ်၊ ပြောရမည့် ဒကာ ဒကာမမို့လို့ ညာပြောနေတာ၊ ကြိုက်တာက ဒီထက်ပိုနေတယ်. . . (မှန်ပါတယ်ဘုရား)။

ဒါဖြင့် နှစ်တိုင်းလုပ်နေတာကို၊ ပျင်းတယ်လို့ပါရဲ့လား . . . (မပါပါဘူး)၊ မင်းတို့ ပြုတ်ဆန်တွေဟာကွာ၊ ရေနွေးတွေနဲ့ အပုပ်စိမ်ရတာနဲ့ နံကန်နဲ့၊ ဒီအလုပ်မလုပ်ချင်တော့ပါဘူးလို့လာမှ မလာဘဲ . . . (မလာပါဘူး)၊ မလာဘူး။ ခေါင်းထဲတောင် ပြုတ်ဆန်လေး ထည့်လိုက်ပါဦးမယ် . . . (မှန်ပါ့)။

အတော်ဆိုးနေတာ၊ ဒီလောက်ထိအောင် ကိလေသာဝါသနာဟာ အပုပ်ကြိုက်တယ်ဆိုတာ ပေါ်လာတယ် . . . (မှန်ပါ့)၊ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်)။

## အမှိုက်ရှိရာ၊ ခွေးချေးစု

ဒါကြောင့် ဒကာ ဒကာမတို့က အမှိုက်ရှိရာ၊ ခွေးချေးစုတယ်ဆိုတာ မမှန်ဘူးလား . . . (မှန်ပါတယ်)၊ ဒီအထဲ တဏှာဒိဋ္ဌိရှိတော့၊ အပုပ်တွေက ဒီချည်းလာတယ် . . . (မှန်ပါ့)၊ တို့က အပုပ်နဲ့ အကျိုးပေးတယ်ကွ၊ မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်)။

တစ်ခါနှမ်းဆီလေး ကြိတ်မယ်ကြံပြန်တော့လည်း ၊ နှမ်းဆီကတော့ ကိုတဲ့၊ တဏှာကို ကျေးဇူးပြုတယ်၊ ပြုပ်ဆန်ကတော့ ဒိဋ္ဌိကျေးဇူးပြုတယ်၊ ငါဒါနဲ့ ကြီးပွားလာတာ၊ အမလေး ကြောက်စရာကြီးပါလား . . . (ရယ်ကြသည်)။

ဒကာကြီး အကျိုးပေးတော့၊ ဘုန်းကြီးတော့လန့်လာပြီ၊ သူ့ဆွမ်းစားရမှာတောင် အတော်ခဲယဉ်းပါတယ်၊ သေသေချာချာတွေးမှနော်၊ ကိုယ့်အလုပ်က မဟုတ်ဘူးဆိုတာ ပေါ်လာတယ်။

## သိကြားမင်း

သေသေချာချာတွေးကြည့်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၊ ဝမ်းတော်လားလို့၊ သိကြားမင်းက ကျင်ကြီးကျုံး လာတာလေ၊ ဘေးက ရဟန်းတော်တွေကမေးကြတယ်။

သိကြားမင်း၊ ဘုရား၏ကျင်ကြီး၊ ဝမ်းလျောတာတွေကျုံးပြီးသကာလ၊ ဂင်္ဂါမြစ်ထဲသွားသွန်ရတာ၊ မင်းမှာမနံဘူးလား။

အရှင်ဘုရား သီလ၊ သမာဓိ၊ ပညာကင်းတဲ့ ပုဂ္ဂိုလ်၏ကျင်ကြီးကတော့ နံပါတယ်။ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံတဲ့ ပုဂ္ဂိုလ်၏ ကျင်ကြီးကတော့ မနံပါဘူးတဲ့၊ ကျင်ကြီးဘောင်ကွာနေတယ်၊ ခင်ဗျားတို့ကျင်ကြီးဆိုရင် မနံပါဘူး၊

အတော်မဆိုးဘူးလား . . . (ဆိုးပါတယ်)၊ အဲဒီလို ခက်နေတာကွ၊ အခုဟာက အဲဒီတော့ ဒကာ ဒကာမတို့ ခန္ဓာမသန့်ရှင်းဘူးဆိုတာ သေချာသွားပြီ . . . (မှန်ပါ့)။

## ကိစ္စညာဏ်ကိုကြိုးစားမယ်

ကိုင်းဒါဖြင့်၊ ဝေဒနာ၊ မင်း ဘာကိစ္စရှိသတုံးဟေ့၊ . . . ကျုပ်မှာ ဇရာ၊ မရဏ နှိပ်စက်တဲ့ ကိစ္စရှိတယ်ဆိုပြီး ပျောက်ပြသွားတယ်၊ ပျောက်ပြသွားတာကို ဒကာသစ်မြင်လိုက်တယ်၊ ဦးမာတင်က မြင်လိုက်တဲ့၊ အချိန်ဟာ ဩော် ဒါကိစ္စသိတဲ့ ညာဏ်သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ဒီကိစ္စညာဏ်ကို ကြိုးစားရမယ်၊ ဒီကိစ္စညာဏ်ကြိုးစားတော့ကိုး ဒါလောက် အနှိပ်စက်ခံရတဲ့ ခန္ဓာမျိုးဖြင့်၊ မရချင်တော့ပါဘူးဆိုတာ ရှေ့တက်လာလိမ့်မယ်။

## နှိပ်စက်ခြင်း ကိစ္စတွေအကုန်ချုပ်တယ်

လာတဲ့အခါကျလို့ရှိရင် တကယ်မရချင်ဘူး၊ ဒီကိစ္စကို ပိုင်ပိုင်နိုင်နိုင်သိပြီ၊ ဒီကိစ္စညာဏ်ကို ပိုင်ပိုင်နိုင်နိုင်သိပြီဆိုလို့ ရှိရင် ရှေ့က ခုနက နှိပ်စက်ခြင်းကိစ္စတွေ အကုန်ချုပ်တယ်၊ ပီဠနဋ္ဌကိစ္စတွေ အကုန်ချုပ်တာပဲ၊ သဘောကျပလား . . . (ကျပါပြီ)။

ပီဠနဉာဏ်စွတွေ အကုန်ချုပ်သွားတဲ့အခါကျတော့ နိဿရဏဉာဏ်စွလာတယ်၊ နိဿရဏဉာဏ်စွဆိုတာ ဒီနှိပ်စက်ခံရတဲ့ကိစ္စမှ လွတ်သွားပြီဆိုတဲ့ နိဗ္ဗာန်ပေါ်လာတယ်။

နှိပ်စက်ခြင်းကိစ္စ လွတ်သွားတော့ နိဿရဏဉာဏ်စွ ပေါ်လာတယ်၊ သဘောကျပလား. . . (ကျပါပြီ)၊ ပီဠနဉာဏ်စွလွတ်သွားတော့ . . . (နိဿရဏဉာဏ်စွပေါ်လာပါတယ်)။

## ကတဉာဏ်

နှိပ်စက်ခြင်းကိစ္စကို ဆင်ခြင်ရင်းက သူပေါ်လာတယ်၊ အဲဒီပေါ်လာတာမြင်တဲ့ ဉစ္စာက ဩော်. . . ဒီကိစ္စသည် လွတ်လာတဲ့ ကိစ္စပါလားလို့ သိတဲ့ဉာဏ်က ကတဉာဏ်၊ မဂ်ဖိုလ်မြင်တဲ့ ဉာဏ်သဘောကျပလား . . . (ကျပါပြီ)။

## သောတာပန်တည်

ဩော် . . . ကတဉာဏ်သိလိုက်တဲ့အခါကျတော့ သောတာပန်တည်ပြီ၊ ကတဉာဏ်မြင်လိုက်တော့. . . (သောတာပန်တည်ပြီ)။

သောတာပန်ဖြစ်ပြီးမှ ပေါ်တဲ့စိတ်က (၇)မျိုးကို ဟောပြီးပြီ၊ သောတာပန်ဖြစ်စဉ် (၃)ဉာဏ်နဲ့ဟောတာ၊ သစ္စ

ဉာဏ်နဲ့ (၁) နံပါတ်ဟောတယ်၊ ကိစ္စဉာဏ်နဲ့ (၂)နံပါတ်ဟော တယ်၊ ကတဉာဏ်ဆိုတာပြီးပြီလို့ သိတဲ့ဉာဏ်၊ ဘာဉာဏ်ခေါ် ကြမယ် . . . (ကတဉာဏ်)။

အဲဒီကတ ဉာဏ်ရောက်အောင် ဘုန်းကြီးကဖြင့် ဟောခဲ့တာပဲ၊ ဒကာကြီးက ဒီဥစ္စာ၊ ငါကတဉာဏ်မရောက် သရွေ့ကာလပတ်လုံး၊ ဟဿတမှာ ဦးမာတင်လို့ လူသိများ သော်လည်း၊ ပညာရှိနှင့်တကွ အရိယာမျက်လုံးနဲ့ ကြည့်လိုက် တဲ့အခါကျတော့ ငါအကန်းရှိသေးတယ်၊ ကတဉာဏ် မရောက်သေးဘဲကို . . . (မရောက်သေးပါဘုရား)။

## ကတဉာဏ်မရောက်သေးရင်အကန်း

ကတဉာဏ်မရောက်သေးတော့ အကန်းပဲရှိနေ တော့၊ ဒီအကန်းဆေးကုတဲ့ ဆရာဖြင့် ငါ့ဆရာပဲ၊ ဆေးကု ဖို့ဆေးလည်း ပေးထားလျက်သားနဲ့၊ ဒီဆေးကို အဖန်ဖန် မသုံးစွဲလို့ရှိရင်ဖြင့် ဒီအကန်းနဲ့ ကျေနပ်လို့ပဲ . . . (တင်ပါ ဘုရား)၊ နာနာဆိုတယ်လို့ မအောက်မေ့ပါနဲ့။

## အကန်းနဲ့ ကျေနပ်နေမှာသိပ်စိုးတယ်

နာနာဆိုတယ်လို့ မအောက်မေ့ပါနဲ့၊ အကန်းနဲ့ ကျေနပ်နေမှာသိပ်စိုးတယ် . . . (ဆိုနိုင်မှတော်ရုံရှိမှာပါ ကော)။

ဆိုနိုင်မှတော်ရုံရှိမှာ၊ အပါယ်ကောင်းလွန်းလို့ထင်တယ် . . . (ရယ်ကြသည်)။

## ခန္ဓာကိုယ်၊ ကိစ္စညာဏ်နဲ့ (၁၀)မိနစ်ခန့်ကြည့်

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ သစ္စ ဉာဏ်လည်းသိပြီ၊ ကိစ္စဉာဏ်လည်းသိပြီ၊ ကတဉာဏ်လည်းသိပြီးသကာလ အခုတစ်နေ့ကတည်းက လျှောက်ထားတယ်၊ အဝတ်သက်န်းတွေဖြင့် ဆရာ ဘုန်းကြီးလာတဲ့အခါ လှူဖို့လုပ်ထားပါတယ်ဆိုတာ ကိုယ့်ခန္ဓာ ကိစ္စဉာဏ်နဲ့ ဆယ်မိနစ်လောက် ကြည့်ကြပါ။

## ဒီကိစ္စမှလွတ်လိုတဲ့ညာဏ်နဲ့လှူပါ

ကြည့်လို့ကိစ္စဉာဏ်နဲ့ မြင်တဲ့အခါကျတော့ ဒီကိစ္စမှလွတ်လိုတဲ့ ဉာဏ်နဲ့လှူပါတယ်ဘုရားဆိုပြီး ခဏနှလုံးသွင်းကြ . . . (မှန်ပါ့)။

(အားလုံးကန်တော့ကြပါသည်)

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဆရာသမားတို့အား ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ၊ တေဇဝန္တပဏာမစေတနာ၊ သဒ္ဒါပညာ၊ ဝီရိယတို့ကြောင့်၊ အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်း .ကြောင့်ကြခပ်သိမ်း၊ ဗျာပါရ ခပ်သိမ်းတို့မှ ကင်းငြိမ်း

လွတ်ပျောက် မရောက်ကြကုန်သည်သာလျှင်ဖြစ်၍ မအိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို၊ ကိစ္စဉာဏ်က၊ ကတဉာဏ် ကူး၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေ . . .။

(အားလုံးသီလယူကြပါသည်)

(သက်န်းကပ်ပါသည်)

## အလှူရေစက်ချတရားတော်

အကျွတ်ကြီးကျွတ်ရပါလို၏ အရှင်ဘုရား၊ ယခုဖြင် သော ကိစ္စဉာဏ်မှ ကတဉာဏ်သို့ ကူးမြောက်ရပါလို၏၊ အရှင်ဘုရား၊ ကွဒ်မေပုည် အာသွကွယ် ဝဟံဟောတု။

မေအမှာကံ - တပည့်တော်၊ တပည့်တော်မတို့၏ ကွဒ်ပုည် ဤကောင်းမှုသည်၊ အာသွကွယ်၊ ဘုံဘဝ၌၊ မြုပ်တတ်၊ မျောတတ်သော၊ အာသဝေါတရားလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ၊ ဝဟံတော-ကျွန်ုပ်တို့မြင်သော ကိစ္စဉာဏ်က၊ နိဗ္ဗာန်ကို ကတဉာဏ်အဖြစ်ဖြင့် မျက်မှောက် ပြုနိုင်သည်၊ ဟောတု - စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(အားလုံးကြားကြားသမျှ အမျှယူတော်မူကြပါခင်ဗျား)

သာဓု - သာဓု - သာဓု ။